
စိတ်ကူးချိုချိုအနုပညာ

# ဝငဝင
# စနစန

## ရှုမဝမဂ္ဂဇင်းဝတ္ထုတိုများ(၂)



ညို

mgyoe.com

mgyoe.com

# စိန်စိန်

## ရှုမဝမဂ္ဂဇင်းဝတ္ထုတိုများ(၂)

စိန်စိန်၏ ဝတ္ထုတိုလက်ရာမွန်
၁၂ ပုဒ်ပါဝင်သည်။

ss0005
2300.00 Ks

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၅၊ ဇန်နဝါရီလ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၃၀၀ ကျပ်

ရှမဝပဂ္ဂလင်းဝတ္ထုတိုများ(၂)
စိန်စိန် - ရှန်ကုန်း၊
စိတ်ကူးချိုချိုစာပေ၊ ပထမအကြိမ်၊ ၂၀၁၅၊
စာမျက်နှာ ၂၀၄ မျက်နှာ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ
(၁) ရှမဝပဂ္ဂလင်းဝတ္ထုတိုများ(၂)

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ရှုမဝမဂ္ဂဇင်း ဝတ္ထုတိုများ(၂)

စိန်စိန်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

| | | |
|---|---|---|
| ၁။ | အလှသစ်သောနေ့ | ၁ |
| ၂။ | လောကီသားပေမို့ | ၁၅ |
| ၃။ | တွေ့မြင်ချင်ရေးရယ်နှင့် | ၃၆ |
| ၄။ | ဖြစ်သလိုနှင့်သာ | ၅၃ |
| ၅။ | ချောက်ပေါက်ထဲမှ အရသာတစ်ခဲ | ၆၇ |
| ၆။ | သစ္စာအောင်ပွဲဆင်ရာဝယ် | ၉၄ |
| ၇။ | ဝက်ပါလမ်းမှတမ်းတပါသည် | ၁၁၂ |
| ၈။ | မေတ္တာတုံးကြီးကြီးနှင့် | ၁၂၉ |
| ၉။ | လွမ်းတသသငယ်နှင့် | ၁၄၇ |
| ၁၀။ | အဟောင်းတလည်လည် | ၁၅၉ |
| ၁၁။ | တစ်ပုဒ်ရေးဖူး သူ့ကျေးဇူး | ၁၇၄ |
| ၁၂။ | အမိုက်နှင့်အမှောင် | ၁၈၆ |

mgyoe.com

mgyoe.com

# အလှသစ်သောနေ့

## (၁)

အင်စပက်တော် ဦးအောင်ဒင်၏ ရှေ့မှောက်၌ ခြေစုံရပ်မိသောအခါ နွယ်၏ မျက်နှာကလေးမှာ ပိုမိုနွမ်းရော်သွားလေသည်။ သူ့ရင်ထဲမှာ မည်မျှလောက် ပူပင်သောကဖြစ်နေမည်ကို ကျွန်မသိနေ၏။ သူ့ကိုယ်လုံးကို ထောက်တည်ထားရသော ခြေနှစ်ချောင်းမှာပင် ညွတ်ကျလုယောင်ရှိနေပြီထင်သည်။

နွယ်သည် သူ့ရှေ့မှ စားပွဲကို အားပြုမှီတွယ်ရပ်နေ၏။ ဆံယဉ်စကလေးများမှာ နဖူးပြင်ထက်ဝယ် ဖွာကျလျက်ရှိသည်။ ကပိုကရိုထုံးနှောင်ထားသော တစ်ပတ်လျှိုဆံထုံးမှ တစ်ထွာသာသာခန့် ဆံမြိတ်ကလေးမှာလည်း ပခုံးစွန်းဝယ် ပြန့်ကျဲလျက်ရှိ၏။ ဝင်းညက်နေသော အသားအရေနှင့် နှာတံစင်းစင်း မျက်ခုံးထူထူ၊ မျက်တောင်ကော့ကော့ကြီးများက လိုက်ဖက်သော အလှများဖြစ်ကြသည်။ အကယ်၍သာ မျက်လုံးညို့ညို့ကြီးများတွင် သောကရိပ်မသန်းဘဲ ရွှန်းစိုနေပါမူ၊ ဆေးမကူသော နှုတ်ခမ်းထူကလေးများတွင် ပြုံးရိပ်သန်း၍နေပါမူ၊ နွယ်၏ အလှသည် မည်မျှလောက်ကျက်သရေဆင့်ကာ ပွင့်လင်းနေပါလိမ့်မည်လဲ။

ကျွန်မ၏ ရင်မှာပင် ကရုဏာစိမ့်စိမ့်ဖြင့် တသိမ့်သိမ့်လှိုက်ခုန်နေရသည်။ ဆရာဦးအောင်ဒင်၏ နှုတ်မှ မည်သို့ 'အဖြေ' ပေးမည်ကိုလည်း မဝံ့တဝံ့နှင့်ပင် သိချင်ဇောသန်နေသည်။

mgyoe.com

mgyoe.com

နွယ်… နွယ်… အသက် ၂၃ နှစ်မျှသာ ရှိရှာသေးသော စာရေး မကလေး နွယ်။ ကျွန်မနားထဲမှာတော့ မနေ့ညက ညဥ့်နက်အောင် သူထိုင်ပြောခဲ့သော စကားလုံးကလေးများကို ကြားယောင်နေဆဲရှိပေသည်။

(၂)

နွယ့် ဖေဖေက ဉာဏ်ထက်တယ်။ စိတ်ကူးကောင်းတယ်။ တီထွင်တတ်တယ်။ အလုပ်နဲ့ လက်နဲ့မပြတ်နေရမှပျော်တယ်။ သူ့ရဲ့အဓိကအလုပ်ကတော့ မော်တော်ကားဝပ်ရှော့ပါပဲ။ ဒါပေမဲ့ ရေဒီယို၊ ခတ်စက်၊ လက်နှိပ်စက်၊ စက်ဘီးပြင်တာတွေလည်း အားလုံးရပါတယ်။ မော်တော်ကိုယ်ထည်တွေလည်း ပုံဆန်းထွင်ပြီး ဆောက်တတ်သေးတယ်။ ဖေဖေလုပ်တဲ့ အလုပ်ထဲမှာ နှစ်ထပ်မော်တော်ကြီး တစ်စင်းတောင် ပါသေးတယ်။ တပည့်တွေကိုလည်းခိုင်း သူကိုယ်တိုင်လည်း ဝင်လုပ်တာပဲ။ ဒီမော်တော်ကြီး ရေချတော့ နွယ်တို့အရပ်က လူတွေဟာ ဖေဖေ့ကို တော်တော်နဲ့ ချီးမွမ်းလို့ မဆုံးနိုင်ကြဘူး။ နွယ်တို့ မိသားစုတွေလည်း သိပ်ပျော်ကြတာပေါ့။

မိသားစုဆိုတာလည်း များများတော့မဟုတ်ပါဘူး။ မေမေ ဖေဖေနဲ့ နွယ်ရယ် ညီမလေးသွယ်နဲ့ ကြွယ်ရယ်၊ ဖေဖေ့ အစ်မ ကြီးကြီးသက်ရယ် ဒါပဲရှိပါတယ်။

ဒီထဲမှာ နွယ့်ကို အချစ်ဆုံးကတော့ ဖေဖေပါ။ ဖေဖေက နွယ့်ကို နားလည်တယ်။ ရန်ကုန်ဖြစ်စေ၊ ဒီပြင်မြို့တစ်မြို့ဖြစ်စေ ရပ်ဝေးခရီးထွက်တဲ့ အခါမျိုးမှာ ဖေဖေက ဘာမှာမလဲမေးရင် ညီမလေးတွေက သူတို့လိုချင်တာကို တသီတတန်းကြီး မှာကြတာပဲ။ နွယ်ကတော့ ဖေဖေဝယ်ရ၊ ခြမ်းရ ဒုက္ခများမှာစိုးလို့ ဘာမှ မမှာပါဘူး။ ဒါပေမဲ့ ဖေဖေပြန်လာရင် သူတို့မှာတာတွေသာ အစုံအစေ့ မပါတတ်ပေမယ့် 'သမီးကြီးဖို့ သမီးကြီးဖို့'နဲ့ နွယ်ကြိုက်တတ်တဲ့ အစားအစာ အသုံးအဆောင်တွေကို ဦးစားပေးပြီး ဝယ်လာတတ်လွန်းလို့ 'သူ့သမီးအကြီးမှ ချစ်တယ်ပေါ့လေ'လို့ မေမေနဲ့ ညီမလေးများရဲ့ အထေ့အငေါ့ကို ခံရတတ်သေးတယ်။

ဒီလိုအခါမျိုးမှာဆို နွယ်က ဝမ်းနည်းရပြန်တာပေါ့။ 'သူတို့တွေဟာ နွယ့်ကို မချစ်ကြရုံမက၊ ဖေဖေ ချစ်တာကိုတောင် ကြိုက်ပုံမရပါလား'လို့

mgyoe.com

တွေးမိရင် သိပ်အားငယ်ရတယ်။ ဒါပေမဲ့ နွယ်ကတော့ အားလုံးကို ချစ်တာ ပဲမို့ သူတို့သိကြရင် စိတ်မကောင်းဖြစ်မှာစိုးလို့ ဝမ်းနည်းအားငယ်သမျှကို သူတို့ မသိစေရအောင် ကိုယ့်ဘာသာတစ်ယောက်တည်း ကျိတ်မှိတ်ပြီးခံပါ တယ်။

ကျောင်းပိတ်ရက်တွေမှာဆိုရင်လည်း မေမေနဲ့ ညီမလေးတို့က ပြင်ပ ပြင်လွင် လျှောက်လည်ချင်လည်တယ်။ ရုပ်ရှင်ကြည့်ချင်ကြည့်တယ်။ နွယ့် ကိုတော့ မခေါ်ဘူး။ ပြီးဆုံးပြီလို့မရှိတဲ့ အိမ်မှုကိစ္စတစ်ပုံတစ်ပင်နဲ့ အိမ် မှာ ကျန်နေရစ်ရတယ်။ လုပ်နေကျအလုပ်တွေမို့ အိမ်တွင်းမှုလုပ်ရတာကို နွယ် မပျင်းပါဘူး။ ကိုယ့်အလုပ် သံယောဇဉ်နဲ့မို့ အပြင်ထွက်ဖို့လည်း အချိန် မပေးနိုင်ပါဘူး။ ဒါပေမဲ့ သူတို့က 'လိုက်ဦးမလား' လို့ မေးဖော် မရတာကိုတော့ ဝမ်းနည်းမိတာချည်းပါပဲ။

နွယ့်မှာတော့ ဘယ်တော့မှ အားချိန်မရှိတတ်တဲ့ ဖေဖေက 'သမီး ကြီးရေ၊ ဒီကားသိပ်ကောင်းတယ်လို့ ကျော်နေတာကွဲ့၊ တို့သားအဖ တစ်ခေတ် နောက်ကျန်နေဦးမယ်။ ကြည့်ကြဦးစို့ရဲ့' လို့ တမင်လိုက်ပို့ပေးမှသာ ရုပ်ရှင် ကို ကြည့်ရတာမို့ တစ်နှစ်လုံးမှာ သုံးခါထက် မပိုတတ်ခဲ့ပါဘူး။

အခါကြီး ရက်ကြီးများမှာ ကြီးကြီးသက်နဲ့ ဥပုသ်အတူလိုက်စောင့် ချင်ရင်တော့ နွယ်က အိမ်တွင်းမှုတွေကို တစ်နေ့စာကြိုတင်လုပ်ကိုင်ပေးပြီး မှ လိုက်သွားတတ်လေ့ရှိပါတယ်။

နွယ်က ဆယ်နှစ်သမီးလောက်တည်းက ကြီးကြီးသက်အုပ်ချုပ်တဲ့ အိမ်တွင်းမှုနဲ့ စားသောက်ခွင်မှာ ကူညီရသူပါ။ နွယ် ၁၅ နှစ်လောက်မှာတော့ မီးဖိုဆောင်နဲ့ အိမ်တွင်းမှုဟာ နွယ့်လက်နွယ့်ခြေချည်းလိုလို ဖြစ်လာပြီး ကြီးကြီးသက်က ကူညီရုံကူညီရတဲ့ အခြေမျိုး ရောက်သွားပါပြီ။

ကျောင်းစာကိုလည်း ဉာဏ်ထုံထိုင်းတဲ့ နွယ်က ဂရုစိုက်ပြီး ကြိုးစား ရပါသေးတယ်။ ဒီထဲကမှ ကတ်သီးကတ်သတ် လုယူရတဲ့ အချိန်တိုကလေး တွေမှာတော့ ပြင်ပစာနယ်ဇင်းများကို ဖတ်ရှုရပါတယ်။ နွယ့်အတွက် အမျိုး သမီး ဂျာနယ်တစ်စောင်နဲ့ မဂ္ဂဇင်း နှစ်အုပ်လောက်တော့ ဖေဖေက အမြဲ တမ်း ဝယ်ထားပေးလေ့ရှိပါတယ်။ အဲဒီ စာဖတ်ချိန်ကလေးများကတော့ နွယ့်ဘဝအတွက် နှစ်သိမ့်ကျေနပ်စရာ အချိန်ကလေးတွေပါပဲ။

mgyoe.com

mgyoe.com

ဒါနဲ့ တိုတိုပြောကြစို့ဆိုရင် နွယ်ခုနစ်တန်းအောင်တဲ့နှစ်မှာ ဖေဖေဟာ အစာအိမ်ပေါက်တဲ့ရောဂါနဲ့ ကွယ်လွန်သွားပါတယ်။

နွယ်တို့မိသားစုထဲမှာ နွယ်ကလွဲရင် အကောင်းကြိုက်ပြီး အသုံးဖွာတတ်ကြသူတွေချည်းမို့ တိုက်ခံအိမ်တစ်လုံးနဲ့ ထိုက်တန်တဲ့ ပရိဘောဂတွေရယ် လှလှပပဝတ်ဆင်ပြီး ချောင်ချောင်လည်လည် သုံးနိုင်ကြတာရယ်ကလွဲလို့ ပစ္စည်းအထုပ်အထည်လည်း မကျန်ရစ်ပါဘူး။

ဒါပေမဲ့ မေမေဟာ အံ့သြလောက်အောင်တော်တဲ့ မိန်းမသားတစ်ဦးပါ။ ဖေဖေ့တပည့်ဟောင်းတွေနဲ့အတူ မော်တော်ကားဝပ်ရှော့ကို သူပဲဦးစီးအုပ်ချုပ်ပြီး ဆက်လက်လုပ်ကိုင်ခဲ့ပါတယ်။ သံတိုသံစ အသေးအဖွဲကလေးကစပြီး ကားဘော်ဒီ၊ စက်ပစ္စည်းစတဲ့ ကားနဲ့ပတ်သက်သမျှကို အားလုံးကုန် ရောင်းဈေးဝယ်ဈေး မေမေ သိပါတယ်။ စီမံခန့်ခွဲတတ်ပါတယ်။ ဒီတော့ ဖေဖေရှိတုန်းကလောက် ဝင်ငွေမကောင်းတော့တဲ့တိုင် နွယ်တို့မှာ လိမ့်လိမ့်လူးလူးတော့ မဖြစ်ရပါဘူး။

အစိုက်အပျိုးဝါသနာပါတဲ့ ကြီးကြီးသက်ကလည်း ခြံထွက်ပန်းမန်၊ သီးနှံရွက်ညွန့်တွေကိုအခါတိုင်းထက် တိုးချဲ့စိုက်ပျိုးပြီး အိမ်သုံးစရိတ်ခုသာခံသာရှိအောင်လို့ ရောင်းချလာပါတယ်။ နွယ်လည်း သမီးကြီးတစ်ယောက်အနေနဲ့ တာဝန်ရှိသလောက် ရှိနေတာမို့ မေမေ့အလုပ်မှာရော၊ ကြီးကြီးသက်ရဲ့ စိုက်ပျိုးခင်းကိုပါ အားလပ်ချိန်တိုင်းမှာ ကူညီပေးပါတယ်။

ဒီထဲကပဲ နွယ့်အတွက် ရှက်စရာကောင်းလိုက်ပုံက ၉-တန်းကို ၂-နှစ် လုံးလုံးကြီးဆက်ပြီး ကျရှုံးခဲ့ရသတဲ့ရှင်... ဘယ်လောက်များ မေမေ့ကို အားနာဖို့ ကောင်းလိုက်သလဲလို့နော်...။ မုဆိုးမတစ်ယောက်အနေနဲ့ မေမေလုပ်ရတဲ့လုပ်စာကို နွယ် ဒါလောက်ဖြုန်းတီးခဲ့ရတယ်ဆိုတော့ မသိသား ဆိုးဝါးရာ ကျလွန်းမနေပါဘူးလား။ နောက်ပြီးတော့လည်း နွယ်က သမီးအကြီးဆုံးအနေနဲ့ ညီမလေးတွေအတွက် နမူနာစံပြဖြစ်စေသင့်တာပါ။ ခုတော့ အကြီးဆုံးနဲ့ အချာဆုံးဟာ မိနွယ်ပေါ့လို့ ဆွေစဉ်မျိုးဆက် ကမ္ပည်းထိုးရစ်စရာ ဖြစ်ခဲ့ရပါပြီ။

နွယ်ဟာ ကိုယ့်ကိုယ်အတွက် ရှက်ငိုရပေမယ့် ညီမလေးသွယ်အတွက်ကိုတော့ ဂုဏ်ယူဝမ်းသာရပါသေးတယ်။ နွယ် ၉-တန်း ဒုတိယနှစ်ဖြေတော့

mgyoe.com

mgyoe.com

နွယ့်ကို မီလိုက်လာတဲ့ သွယ်နဲ့ အတူတူဖြေရတာပါ။ နွယ်ကသာ ၂ နှစ် လုံးလုံးကြီး ဆက်ရှုံးနေပေမယ့် ညီမလေးသွယ်ကဖြင့် နှစ်ချင်းပေါက် အောင် ရုံမက နှစ်ဘာသာဂုဏ်ထူး ထွက်လာပါသေးတယ်။ အငယ်မလေးကြွယ် ကလည်း ၇ တန်းမှာ အတန်းပတ်လည် ဒုတိယချိတ်သတဲ့။ အာဂချစ်စရာ ကောင်မလေးတွေပဲ။

ဒီတော့ နွယ်က တတိယနှစ်မှာ ကျောင်းဆက်နေသင့်၊ မသင့် ချင့်ချိန်ရပါတယ်။ နောက်ဆုံးတော့ မေမေ့ကို အားနာလှပေမယ့် ၉ တန်းမှ မအောင်သေးရင် အလုပ်ရဖို့ မလွယ်တာမို့ ဒီတစ်နှစ်ဖြင့် ဆက်နေပါဦးမယ် လို့ ဇွတ်မှိတ်ဆုံးဖြတ်ရပြန်တာပေါ့။

ဒီနှစ်အဖို့ အိမ်တွင်းမှာ ကြီးကြီးသက်နဲ့ မေမေရော၊ ညီမလေးများ ရော၊ ကြိုက်တတ်တာကလေးတွေ စားရအောင်၊ မကုန်သင့်တာလည်း မကုန်ရအောင် စီမံချက်ပြုတ်လို့ လျှော်ဟယ်၊ ဖွပ်ဟယ်၊ သိမ်းဟယ်၊ တိုက် ဟယ်နဲ့ တစ်နေကုန်သွားတတ်ပေမယ့် နွယ်အဖို့မှာ အမောမဖြေနိုင်အားခဲ့ပါ ဘူး။ တစ်ခါတလေ သနပ်ခါးကို လမ်းလျှောက်ရင်း ပွတ်ပြီး ညကျောင်း ကို ဆက်တက်ရပါတယ်။ ညကျောင်းဆင်းတော့လည်း ဒီနှစ်မှ စာမေးပွဲ မအောင်ရင် မဖြစ်တော့ဘူးဆိုတဲ့ စိတ်ဇောနဲ့ သန်းခေါင်ချဉ်းအောင်စာတွေ ကျက်မှတ်ရပြန်ပါတယ်။ သန်းခေါင်ထက်တော့ ပိုနေလို့မဖြစ်ပါဘူး။ နံနက် ၅- နာရီမတိုင်မီထပြီး အိမ်အလုပ်နဲ့ သံသရာ တစ်ပတ်လည်ရဦးမှာမို့ပါ။

အဖျင်းနိုင်လှတဲ့ နွယ်ဟာနှစ်စတည်းက ဒီလောက် ကြိုးစားနိုင်လွန်း လို့သာ ၊ကိုးတန်းကို အောင်လာခဲ့ပါတယ်။ တော်လိုက်တဲ့ ညီမလေး သွယ် ဆိုတာတော့ ဆယ်တန်းကို ရူပဗေဒဂုဏ်ထူးနဲ့ အောင်ပြန်တာပါပဲ။ ကြွယ် တစ်ယောက်လည်း ရှစ်တန်းအောင်လို့ ၉-တန်းရောက်လာပါပြီ။

ဒီတော့ ညီမလေးသွယ်ကို တက္ကသိုလ်ပို့ရာမှာ အထောက်အကူဖြစ် ပါစေတော့လို့ နွယ် အလုပ်ရှာရပါတယ်။ ကံအားလျော်စွာပဲ ဆိုပါစို့... ကျောင်းဖွင့်ရက်မတိုင်မီပဲ ပ-လ-က ရုံးမှာ နွယ် အလုပ်ရပါတယ်။ နွယ်ရတဲ့ အောက်တန်းစာရေးလခကို ကိုယ့်အတွက် မုန့်ဖိုး တစ်လ ၁၅ ကျပ်ချန်ပြီး အားလုံးကုန် မေမေ့လက်ထဲ ထည့်ပေးနိုင်တော့မှလည်း အသက်ဖြောင့်ဖြောင့် ရှုနိုင်သွားပါတယ်။

mgyoe.com

mgyoe.com

အိမ်မှုကိစ္စ ချက်ရေးပြုတ်ရေးတွေကို အခါတိုင်းထက် ကြိုးစား ထလုပ်ပြီး ကိုယ့်အတွက် ထမင်းကို ချိုင့်ကလေးနဲ့ ထည့်ယူ၊ ရေကို ကမန်းကတန်းချိုး၊ သနပ်ခါးကို မှန်မကြည့်ဘဲ ပွတ်၊ သနပ်ခါး မခြောက်မီ အိမ်က ထွက်တဲ့အခါ ထွက်၊ ဆံပင်ကို လမ်းလျှောက်ရင်းမှ ဖဲပြားနဲ့ချည်လို ချည်ရပေမယ့် နွယ် မညည်းပါဘူး။ အကြီးဆုံး သမီးတစ်ယောက်အနေနဲ့ ဒါလောက်တော့လည်း လုပ်သင့်ပေတာပေါ့။

နောက်ပြီး မနက်ပိုင်းမှာသာ ဒီလို ကသီကရီ ဖြစ်တတ်ရပေမယ့် ညပိုင်းကျတော့လည်း နားချိန်အားချိန် ရပေသားပဲရှင်။ ညပိုင်းမှာ အိပ်ရာ စောစောဝင်ပြီး ကိုယ့်မုန့်ဖိုးထဲက ဝယ်ထားတဲ့ မဂ္ဂဇင်းစာအုပ်ကလေးတွေ ဖတ်ရပြီဆိုမှဖြင့် နွယ့်အတွက် ကျေနပ်လောက်တဲ့ စည်းစိမ်သုခလို့ ခေါ်နိုင် ကောင်းပါပြီ။

ဒါပေမဲ့… ဒါပေမဲ့… နွယ့် ဘဝလေးမှာ ကျေကျေနပ်နပ်နေလို့မှ တစ်နှစ်မပြည့်သေးပါဘူး။ ကြမ္မာရိုင်းဟာ ဆိုင်းမဆင့်ဗုံမဆင့်နဲ့ ဝင်လာလိုက် တာ နွယ့်အတွက် ဆောက်တည်ရာမရတော့ပါဘူးရှင်…။

(၃)

နွယ့်ကို နွယ့်အိမ်သားစုက တစ်မူခြားလာတယ်လို့ ပြောကြပါတယ်။

ဖေဖေဆုံးပြီးတဲ့နောက်မှာ ကြီးကြီးသက်က မေမေနဲ့ တစ်ခန်းတည်း သွားအိပ်ပါတယ်။ နွယ်တို့ညီအစ်မသုံးယောက်က အစတည်းက တစ်ခန်း တည်းအိပ်ခဲ့တာပါ။ အခု ညီမလေးသွယ် တက္ကသိုလ်ရောက်သွားတော့ နွယ်နဲ့ကြွယ်ပဲ တစ်ခန်းတည်းကျန်နေရစ်တာပေါ့။

ဒါပေမဲ့ နွယ်က 'တစ်ယောက်တည်းပဲ တစ်ခန်းနေချင်တယ်'လို့ ဗြုန်းစားကြီး အတင်းအကျပ်ပြောလာတော့ အားလုံးပဲ စိတ်မကျေနပ်ဖြစ် ကြတယ်။ ကြီးကြီးသက်က 'ဒီမိန်းကလေးဟာ တစ်သက်လုံးက ညီအစ်မ ချင်း အတူနေလာပြီး ခုမှခွဲထွက်တာ ရိုးမှရိုးပါ့မလား။ ရည်းစားနဲ့ အချိန်း အချက်များ ရှိနေသလား မဆိုနိုင်ဘူး။ ကြွယ့်ကို သူ့အမေဆီပို့ပြီး ငါအရင် ကလို နောက်ဖေးဆောင်မှာ သွားအိပ်မယ်။ ညည်းပဲ စိတ်တိုင်းကျ နေတော် မူ'တဲ့။

mgyoe.com

‘‘မေမေကလည်း ယောကျ်ားမရှိလို့ မိန်းမတွေချည်းနေရတဲ့အိမ်မှာ ဟိုအဆောင်တစ်ယောက် ဒီအဆောင်တစ်ယောက် ခွဲအိပ်လို့ မတော်ပါဘူး။ မိနွယ် မေမေနဲ့ လာအိပ်ရင် ကြွယ်နဲ့ ကြီးကြီးသက်အိပ်မှာပေါ့’’လို့ ပြောသေးတယ်။

နွယ်က ‘ဟင့်အင်း… တစ်ယောက်တည်းဆို တစ်ယောက်တည်းပဲ အိပ်မယ်၊ နောက်ဖေးဆောင်မှာ အိပ်ရ အိပ်ရ မိနွယ်သွားအိပ်မယ်’ ဆိုတော့ သူတို့အားလုံး မိနွယ်ကို မျက်ကြတာပေါ့။

နောက်ဆုံးတော့ မေမေက အခန်းချင်းလဲပြီး သူတို့ရဲ့ နှစ်ယောက်ခန်းကို နွယ့်ကို ပေးပါတယ်။ နွယ်တို့နေတဲ့ သုံးယောက်ခန်းမှာတော့ သူတို့သုံးယောက် ပြောင်းနေကြတာပေါ့။ ဒီလိုပြောင်းရရွေ့ရနဲ့ အလုပ်ရှုပ်ကြတော့ နွယ့်ကို အလကား အဓိပ္ပာယ်မရှိ ‘ကြောင်’ရမလားလို့ ဆူနေကြတာပဲ။

ဒီထဲ ပြဿနာပိုတက်လာတာက နွေကျောင်းပိတ်လို့ သွယ် ပြန်ရောက်လာတာကြောင့်ပါ။ တကယ်ဆိုတော့ မိသွယ်ကို နွယ့် အခန်းမှာ အိပ်စေလိုက်ရင် ပြီးတာပါ။ နွယ်က ‘နွယ့် အခန်းကို ဘယ်သူမှ မလာရဘူး’လို့ ‘ဘူး’ ကိုင်ထားတာကြောင့်သာ ကြီးကြီးသက်နဲ့ သွယ်ဟာ ခပ်ကြောက်ကြောက်နဲ့ပဲ အောက်ထပ် တိုက်ခန်းဆင်းအိပ်ရတာပါ။ ဒီတော့လည်း ညအိပ်ရာဝင်ချိန်တိုင်းမှာ ကြီးကြီးသက်က မိနွယ်ကို ဗျစ်တောက်ဗျစ်တောက် လုပ်တာပေါ့။

နောက်ပြီး စားရေးသောက်ရေးနဲ့ ပတ်သက်လို့လည်း ‘မိနွယ် မီးဖိုဆောင်ကို တာဝန်မယူနိုင်တော့ဘူး။ မိနွယ်ပင်ပန်းလှပြီ။ ကြီးကြီးသက်ပဲ ဒီတာဝန်ကို လုံးလုံးပြန်ယူပါ။ စိုက်ပျိုးခင်းပဲ မိနွယ်လုပ်တော့မယ်’လို့ ဗွတ်အတင်း စီစဉ်ပစ်လိုက်ပါသေးတယ်။

ဒီလိုနဲ့ ကြီးကြီးသက်က ချက်မှု ပြုတ်မှုတာဝန်ယူတဲ့ တိုင်အောင်လည်း နွယ်က ဖြောင့်ဖြောင့်မစားမိသေးပါဘူး။ နံနက်စာရော ညစာပါချိုင့်နဲ့ ထည့်ယူ၊ အခန်းတံခါးပိတ်ပြီး တစ်ယောက်တည်း သတ်သတ်စားပါတယ်။

အလုပ်ခွင်မှာလည်း အမှားမှား အယွင်းယွင်းဖြစ်ပြီး စိတ်ညစ်လာရင် မလုပ်ချင်တော့ဘူးဆိုပြီး ခွင့်ယူပြန်လာခဲ့မိတတ်ပါတယ်။ အိမ်ရောက်တော့လည်း အခန်းတံခါးပိတ်ပြီး အိပ်နေလိုက်တာပဲ…။

mgyoe.com

mgyoe.com

ဒီတော့လည်း မေမေနဲ့ ကြီးကြီးသက်က နွယ့်ကိုဆူကြပြန်တာပဲ။

ဘယ်လောက်ပဲဆူဆူ နွယ်ကလည်း အလျှော့မပေးဘဲ တင်းခံနေပါတယ်။ တစ်သက်လုံးက ကိုယ့်အလိုထက် သူများအလိုကို ဦးစားပေးလိုက်လျောခဲ့တဲ့ မိနွယ်ဟာ အခုမှ ဘာလို့ ဒီလိုအကျပ်ကိုင်နေရသလဲဆိုတာကိုတော့ သူတို့မသိကြလေဘူး။ မိနွယ်ကတော့ အခန်းတံခါးလုံလုံပိတ်ပြီး တစ်ယောက်တည်းရှိနေတော့မှ ကျိတ်ငိုရတာဟာ နေ့တိုင်းပါ။

ပြီးတော့လည်း အခန်းတံခါးတစ်ချပ် ပိတ်လိုက်တာဟာ မိနွယ်နဲ့ မိသားစုအားလုံးကို တစ်ဘဝစီ ခြားနားပေးလိုက်တဲ့ အမှတ်အသားတစ်ခုဆိုတာလည်း မိနွယ်တစ်ယောက်တည်းသာ သိနေရတဲ့အသိပါ...။

နွယ့်အဖြစ်ကို နွယ်ဘယ်လိုပြောရမလဲ... ဘယ်သူ့ကို ပြောဝံ့ပါတော့မလဲ...။ ရင်ထဲမှာ နေ့ရှိသမျှ တရိရိ လောင်ကျွမ်း ပူဆွေးနေရတော့တာပါပဲ။ နွယ်မပျော်နိုင်တော့ပါဘူး။ နွယ်မပြုံးနိုင်တော့ပါဘူး။

အဲဒီလို ချောက်ချောက်ချားချားတွေဖြစ်လာတော့မှလည်း နွယ်ဟာ ငယ်စဉ်တုန်းက မိုက်မှားခဲ့တာတွေကို တရေးရေးနဲ့ တွေးပြီး နောင်တရလာပါတော့တယ်။

## (၄)

နွယ်က ၉ နှစ်၊ သွယ်က ၇ နှစ်၊ ကြွယ်လေးက ၄ နှစ်လောက်ရှိကြသေးစဉ်ကပေါ့။

သူ့မှာရှိတဲ့ ငွေလေး ၁၀၀ဝ/ကျော်လောက်ကို အတိုးနဲ့ ချေးထားတတ်တဲ့ ကြီးကြီးသက်က နွယ်ကျောင်းပိတ်ရက်တိုင်းမှာလိုလို ကမ်းနားပိုင်းဆီ ကြွေးတောင်းလွှတ်လေ့ရှိပါတယ်။

ဒီလို သွားရတိုင်းမှာ နွယ်ဟာတစ်ယောက်တည်းသွားလေ့မရှိပါဘူး။ သွယ်ရော ကြွယ်ပါ မရအရချော့မော့ ခေါ်ဆောင်သွားလေ့ရှိပါတယ်...။

နွယ်တို့ဖြတ်သွားရတဲ့ ကမ်းနားပိုင်းတစ်နေရာမှာတော့ ဦးစောမောင်ဆိုတဲ့ လူကြီးတစ်ယောက်ရဲ့ အိမ်ကလေးရှိပါတယ်။ အဲဒီဦးစောမောင်ကြီးက ကိုယ်မကောင်းရှာပါဘူး။ သူ့မျက်နှာကြီးဟာ ပွရောင်းပြီး အပိမ့်အပိမ့်တွေဖြစ်နေပါတယ်။ အထူးသဖြင့် နှာခေါင်းနဲ့ နားရွက်ကြီးတွေ နှုတ်ခမ်းကြီး

mgyoe.com

mgyoe.com

တွေဟာ ထူထူတွဲတွဲကြီးတွေ ဖြစ်နေပါတယ်။ ခြေထောက်မှာလည်း အနာတွေဖြစ်နေဟန်တူပါရဲ့။ အညိုရောင်ကင်းဗတ်ဖိနပ် အစုတ်ကြီးကို စီးထားပြီး လမ်းသွားတဲ့အခါ ကွတကွတ သွားပါတယ်။

ဒါပေမဲ့ ဦးစောမောင်ကြီးမှာ မိန်းမလည်း ရှိပါတယ်။ ကလေးနှစ်ယောက်လည်း ရှိပါတယ်။ သားအကြီးကလေးက ကမ်းနားဆိပ်မှာ စာအုပ်တွေ လက်ပွေ့ရောင်းပါတယ်။ သားအငယ်ကလေးကတော့ နွယ့်ညီမထွေးကြွယ်တို့လောက်ရှိပါသေးတယ်။

နွယ်တို့ ညီအစ်မသုံးယောက် ကမ်းနားပိုင်းကြွေးတောင်းသွားရတဲ့အခါ ဒီအိမ်ရှေ့ရောက်လုနီးတိုင်းမှာ နွယ်က ဦးဆောင်ပြီး... 'အနူကြီးဟေ့... ရွံစရာကြီးဟေ့... ထွီ... ထွမ်... အော့... ပြေးကြ... ပြေးကြ' လို့ အော်ပါတယ်။ ညီမလေးနှစ်ယောက်ကလည်း နွယ်အော်သလိုပဲ လိုက်အော်ပြီးပြေးကြလေ့ရှိပါတယ်။ တစ်ခါတလေ နွယ်တို့လာတာနဲ့ ဦးစောမောင်ကြီးအိမ်ရှေ့ထွက်နေတာနဲ့ ဆုံမိရင် ဦးစောမောင်ကြီးဟာ နွယ်တို့ကို လှမ်းမြင်တာနဲ့ သူ့အိမ်ကလေးထဲကို သုတ်ခနဲ ဝင်ပြေးသွားတတ်ပါတယ်။ တစ်ခါတော့ နွယ်တို့ကို မြင်လို့ ဒယီးဒယိုင်နဲ့ သူ့အိမ်ဝင်းထဲ ဝင်ဝင်ပြေးတဲ့ဦးစောမောင်ကြီးဟာ အိမ်ရှေ့က ဘူးစင်တိုင်နဲ့ တိုက်မိပြီး မှောက်လျက်သားလဲသွားလို့ သူ့မိန်းမက ပြေးထူတွဲပြီး ခေါ်သွားတာတွေ့ရပါတယ်။ နွယ်တို့ညီအစ်မတွေကလည်း 'အနူကြီး လဲပြီဟေ့' လို့ အော်မိအောင် အော်လိုက်ကြပါသေးတယ်။

ဦးစောမောင်ကြီးနဲ့ မတွေ့လို့ ဦးစောမောင်ကြီးရဲ့သား အငယ်လေးနဲ့တွေ့ရင်လည်း နွယ်တို့က အလွတ်ပေးလေ့မရှိပါဘူး။ 'အနူကြီးသားလေးဟေ့ အနူကြီးသားလေးဟေ့' လို့ ညီအစ်မတွေ လက်ညှိုးထိုးပြီး သံပြိုင်အော်ကြရင် ကောင်ကလေးဟာ အော်ငိုပြီး ကျန်ရစ်ပါလေရော။

နောက်တော့ ဦးစောမောင်ကြီး သေသွားပြီလို့ သိရပါတယ်။ ဆယ်နှစ်ကျော်လောက်ရှိလာတော့လည်း ဒီအကြောင်းကို နွယ်တို့ လုံးလုံးသတိမရတော့ပါဘူး။ ဒါပေမဲ့ အခုတော့... ဒီအဖြစ်ဟောင်းလေးဟာ နွယ့်ကို နေ့တိုင်း ညတိုင်း စူးစူးဝါးဝါး ခြောက်လှန့်နေပါပြီ။

အခန်းထဲမှာ တစ်ယောက်တည်း တံခါး အလုံပိတ်ပြီး အင်္ကျီချွတ်မှန်ထဲကြည့်လိုက်ရင် နွယ့်နောက်ကျောနှင့် လက်ပြင်ညွှန့်မှာ အဖြူကွက်တွေ

mgyoe.com

mgyoe.com

အထင်းသားပေါ်လို့ နေပါတယ်။ နွယ့်အသားက အသားဝါ အသားဝင်းပါ။ ဒီအပေါ်မှာ အဖြူကွက်တွေ အပြောက်ထင်နေတာက တစ်နေ့ထက်တစ်နေ့ တိုးလို့သာ ထင်ရှားလာပါပြီ။

တစ်နေ့သောအခါမှာ နွယ်ဟာ ဦးစောမောင်ကြီးလို အောင်မယ်လေး ဒီလောက်တွေးမိရုံနဲ့ နွယ်ရင်တွေတုန်လှုချည်ရဲ့ရှင်။ နွယ့်နှလုံးသားတွေမှာ မီးငွေ့ငွေ့နဲ့များ လောင်မြိုက်ကုန်ကြလေပြီလား...။

နွယ်ချစ်လှတဲ့ ညီမလေးတွေနဲ့ မေမေတို့ ကြီးကြီးသက်တို့ဟာ အကြောင်း မသိကြလေတော့ ခုအချိန်မှာ နွယ့်ကို ဇီဇာကြောင်ရမလားလို့ ငြိုငြင်ရုံပဲ ငြိုငြင်ကြသေးတယ်။ တော်တော်ကြာရင်တော့ ရွံကြ၊ ကြောက်ကြ၊ မုန်းကြပေရော့မယ်။ နွယ်ချစ်တဲ့ မိသားစုနဲ့ ညီမလေးတွေရဲ့ တလူလူဝေနေတဲ့ အညွန့်လေးတွေကို နွယ်ကိုယ်တိုင် မှိုချိုး၊ မျှစ်ချိုး ချိုးပစ်သလို ဖြစ်လာရတဲ့ ကြမ္မာဆိုးအတွက် အသည်းဆတ်ဆတ်နာမိလိုက်ပါရဲ့။ ကိုယ့်အလှည့်ရောက်တော့မှ မိနွယ်မှာ အရူးမီးဝိုင်းဖြစ်နေရပါပြီ။

နွယ်ဘယ်လိုလုပ်ရမလဲ။ နွယ်ဘယ်ကိုပြေးရမလဲ။ ဘယ်ကိုပဲပြေးပြေး၊ ဒီကိုယ်နဲ့ ဒီခန္ဓာက ဒုက္ခပေးတော့မယ်။ အကောင်းဆုံးနည်းကတော့ ဒီဘဝဆိုးကို ထားရစ်ခဲ့ပြီး ဘဝသစ်ကူးလိုက်ဖို့ပါပဲ။ ဟုတ်ပြီ... ဒီလိုဆိုရင် ဘယ်နည်းနဲ့ သေမလဲ။ အဆိပ်သောက်ချင်သောက်၊ မြစ်ထဲ ခုန်ချချင်ချ၊ အပူသည်မ, ကိစ္စတုံးရောပေါ့။ အင်းလေ... ဒါတောင်မှ ဒါတောင်မှ သူတို့ သူတို့ နွယ့်အလောင်းကို ကိုင်တွယ်ကြ၊ ပြင်ဆင်ကြဦးမလားမသိဘူး။ ဒီလိုဆိုရင် နွယ်ဘာလို့ သေတယ်ဆိုတာ သိကုန်ကြတော့မယ်။ သေပြီးတဲ့နောက်မှာတောင် အလောင်းကနေပြီး မိသားစုကို အရှက်ခွဲဦးမယ့် ဒုက္ခပေးဦးမယ့် မိနွယ်ရဲ့ ဘဝဆိုးပါလား။

အော်... သိပြီ။ အလောင်းကိုပါ အစဖျောက်ချင်ရင်လည်း ရသားပေါ့။ တစ်ကိုယ်လုံးကို ဓာတ်ဆီလောင်းပြီး မီးနဲ့ရှို့၊ ကိစ္စတုံး သင်္ဂြိုဟ်ပြီးဖြစ်ကရော။ ဒါလည်း လွယ်တော့ မလွယ်ဘူး။ ကိုယ့်အခန်းထဲမှာဆိုမတော်တဆ အိမ်ကိုပါ မီးကူးစက်သွားမှဖြင့် ကျန်ရစ်သူတွေ မွဲပြာကျဒုက္ခရောက်ဦးမယ်။ အကြံမအောင်မီ လူသိသွားရင်လည်း တစ်ဒုက္ခ။ လွတ်လွတ်ကင်းကင်း တစ်နေရာရာမှာဆိုရင် ကောင်းလေရဲ့။ ဘယ်နေရာမှာ

mgyoe.com

လုပ်ရမလဲ။ ဘယ်အချိန်မှာ လုပ်ရမလဲ။ သေတော့ သေရမှာပဲ။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ သေဖြစ်အောင် သေရတော့မှာပဲ။

နွယ့်အနေနဲ့ အဲဒီလောက် စိတ်ဒုက္ခရောက်နေဆဲမှာမှ မမစိန်ရေးတဲ့ ဝတ္ထုဆောင်းပါးတွေကို တွေ့ရပါတယ်။ ဒီတော့မှ စိတ်သောကတစ်ဝက်လောက် သက်သာသွားပြီး နွယ့်ဘဝအတွက် အားကိုးစရာရှိနေသေးပါရော လားဆိုတဲ့ အသိနဲ့ မမစိန်ဆီကို အခုလို ဆက်သွယ်လာခဲ့ရတာပါပဲ။

## (၅)

နွယ်နှင့် သူကြီးကြီးသက်တို့ရောက်လာကြသည်မှာ မနေ့ညနေက ဖြစ်သည်။

လွန်ခဲ့သည့် ဆယ့်ငါးရက်ခန့်က နွယ်သည် ရှမဝတိုက်မှတစ်ဆင့် ကျွန်မထံ စာတစ်စောင်ရေးခဲ့၏။ "ကြေးမုံသတင်းစာ၊ ရှမဝ မဂ္ဂဇင်းနှင့် အတွေးနှင့် အရေးစာအုပ်များတွင် မစိန်စိန်ရေးခဲ့သော ဝတ္ထုဆောင်းပါးများအရ မမစိန်စိန်တွင် အနာကြီးရောဂါ ဖြစ်ခဲ့ကြောင်း၊ ယခုအခါ "ရောဂါပိုးမရှိတော့ပါ"ဟူသော ဆရာဝန်ဆုံးဖြတ်ချက်ကို အကြိမ်ကြိမ် စစ်ဆေးရရှိပြီးဖြစ်ကြောင်း သိရပါသည်။ နွယ်မှာလည်း ယခုအချိန်တွင် ရောဂါစတင်ရရှိလာ၍ သတ်သေရန်အထိ စိတ်ကူး ကြံစည်မိရပါသည်။ နွယ့်အား ဤဝဋ်ဒုက္ခမှ လွတ်မြောက်ရာ လမ်းကို ညွှန်ပြပေးပါ" ဟူ၍ ဖြစ်ပေသည်။

ကျွန်မကလည်း ချက်ချင်းပင် စာပြန်ရေးခဲ့၏။ "၁၅ နှစ်လုံးလုံး ရောဂါခံစားခဲ့ရသော မမစိန်ပင် ဤရောဂါမှ လွတ်မြောက်လာခဲ့သေးလျှင် ညီမ၏ ရောဂါမှာ လုံးဝ စိုးရိမ်ဖွယ်မဟုတ်ကြောင်း၊ အနီးဆုံးသော ကိုယ်ရေရောဂါ အထူးကုဆေးပေးခန်းတွင်ပြသပြီး ကုသသင့်ကြောင်း၊ ယခုအခါ အနာကြီးရောဂါ တိုက်ဖျက်ရေးဌာနမှ အခမဲ့ကုသပေးနေသည်မှာ အထူးအားထားရကြောင်း"များ ဖြစ်ပေသည်။

သို့သော် နွယ်သည် ကျွန်မ ညွှန်သောလမ်းကို ဖြောင့်ဖြောင့်တန်းတန်း မလိုက်ခဲ့ပေ။ "နွယ်ဟာ မိသားစုထဲမှာ ကံအခေဆုံးပါ၊ မမစိန်၊ အခုနွယ့်အဖြစ်ကို မိသားစုထဲမှာတောင် အသိမပေးရဲပါဘူး။ နောက်ပြီး နွယ်ဟာ အလုပ်သမားတစ်ယောက်မို့ နွယ့်အလုပ်ဌာနကသိသွားမှာလည်း စိုးပါတယ်။

mgyoe.com

ဘာပဲဖြစ်ဖြစ် မမစိန်စိန်နဲ့ပဲ တွေ့ချင်ပါတယ်။ မမစိန်စိန်ဆီကိုပဲ လာပါရစေ' ဟူ၍သာ ထပ်မံပြန်ကြားခဲ့ပြန်သည်။

ကျွန်မနားလည်နိုင်ပါသည်။

အနာကြီးရောဂါနှင့် ပတ်သက်လျှင် မပွင့်လင်းနိုင်ရဲကြသော အရိုးစွဲနေသည့် အစဉ်အလာကို မလွန်ဆန်နိုင်သည့် သာဓကပင် ဖြစ်ပါ၏။

တကယ်ဆိုတော့ ယခုခေတ်တွင် အနာကြီးရောဂါဖြစ်တိုင်း အလုပ်ထွက်ရန်မလို၊ ကျောင်းထွက်ရန်မလို၊ တစ်နေ့တစ်ပြား ဆေးမှန်မှန်စားနေရုံနှင့် ရောဂါပျောက်သွားမည်ဖြစ်ကြောင်းသာ အသိတရားရှိထားဖို့လိုပေသည်။

မည်သို့ပင်ဖြစ်စေ၊ နောက်ဆုံးတော့ ကျွန်မကပင် သူ့သဘောကို လိုက်လျောကာ 'လာခဲ့ပေတော့'ဟု ဆိုသည်နှင့် ခွင့်သုံးရက်ယူပြီး သူ့ကြီးကြီးသက်နှင့်အတူ ရောက်လာခြင်းဖြစ်သည်။

ရောက်သည့်ညတွင် နွယ်က ကျွန်မအား ဖြစ်ကြောင်းကုန်စင် ပြောပြနေတော့မှလည်း သူ့ကြီးကြီးသက်မှာ တူမချော၏ ဖြစ်အင်ကို သိရှိသွားကာ ရှိုက်ငိုရှာတော့သည်။ အစကတော့ နွယ်၏ ထူးခြားသော အပြုအမူများအတွက် စိတ္တဇ ဝေဒနာအစပျိုးလာခြင်းဟု တစ်အိမ်သားလုံးက ထင်မှတ်နေကြသည်ဟု ဆိုသည်။ ယခုလည်း စာရေးဆရာမ ဒေါ်စိန်စိန်နှင့်တွေ့ဆုံရန် သာယာဝတီသွားမည်။ ကြီးကြီးသက်ကို အဖော်ထည့်ပါ။ မထည့်လျှင်လည်း တစ်ယောက်တည်း ဖြစ်သည့်နည်းနှင့် သွားမည်ဆို၍သာ ဘုမသိ ဘမသိ လိုက်လာရကြောင်းပြောပြသည်။

ကျွန်မလည်း အားပေးစကားဆိုရ၏။

"ကဲ... ကြီးကြီးရေ၊ အခု ကျွန်မနဲ့ တွေ့ရမှတော့ နွယ့်အတွက် စိတ်ပူစရာမရှိတော့ပါဘူး။ နက်ဖြန်မှာ အနာကြီးတိုက်ဖျက်ရေးက အင်စပက်တော် ဦးအောင်ဒင်နဲ့ တွေ့ပေးဖို့ စီစဉ်ပြီးသားပါ။ ဆေးကုသဖို့အတွက် အကောင်းဆုံးနည်းလမ်းကို ညွှန်ကြားပါလိမ့်မယ်"

"ကျွန်မလည်း ဟိုတုန်းကတော့ တရားမဲ့ မဆင်မခြင် အကြောက်လွန်တာတွေ ရှိခဲ့ဖူးပါတယ်၊ အခုတော့ အမြင်မှန်ရလာခဲ့ပါပြီ"

"သွေးတိုးရောဂါ၊ အစာအိမ်ရောဂါ၊ ငှက်ဖျား၊ ကင်ဆာ၊ အဆုတ်နာတို့ဟာ ရောဂါတစ်ခုဖြစ်သလို အနာကြီးရောဂါဆိုတာလည်း ရောဂါတစ်ခု

mgyoe.com

mgyoe.com

ပဲမို့ ရောဂါဖြစ်လာရင် ဆေးကုသခံယူရမယ်။ ဒီလမ်းစဉ်သာ မှန်ကန်ဖြောင့်တန်းတဲ့ လမ်းစဉ်ဖြစ်ပါတယ်။ ရာဇဝတ်မှု ကျူးလွန်တာလည်းမဟုတ်။ စာရိတ္တပျက်ပြားရတာလည်း မဟုတ်ဘဲနဲ့ တရားလွန် ရှက်ကြောက် ဖုံးကွယ်နေရသမျှတွေဟာ လမ်းကွေ့ လမ်းကောက်တွေ အန္တရာယ်ပေးမယ့် အမှားအယွင်းတွေချည်းပါပဲ။ အသက်တစ်ချောင်းကို တန်ဖိုးမထားလွန်းရာကျပါတယ်။

"ကျွန်မတော့ ခုအချိန်မှာ ဆေးပေးခန်းသွားတဲ့ နေ့ဆိုရင် တတ်စွမ်းသမျှ ကောင်းကောင်းသန့်သန့် ဝတ်ဆင်သွားပါတယ်။ လမ်းမှာ အသိတွေ့ရင် ကျွန်မကို ဘယ်သွားမလဲ မေးပါစေ အောက်မေ့နေပါတယ်။ မေးကြပြီဆိုရင်လည်း... 'ဟုတ်ကဲ့၊ ကျွန်မကိုယ်ရေ ရောဂါဆေးပေးခန်းကို သွားပြီး ဆေးစစ်မလို့ပါ' လို့ ရဲရဲရင့်ရင့် ဖြေပါတယ်။ 'ဘယ့်နှယ်လဲ ဆေးစစ်တာ အောင်မြင်ရဲ့လား' လို့ ဆက်မေးရင်လည်း ကျွန်မ အလွန်သဘောကျပါတယ်။ 'ဟုတ်ကဲ့ အောင်မြင်ပါတယ်' လို့ ဖြေရတာကို တစ်ပါးသူများ ဒီလမ်းစဉ် လိုက်လာအောင် နမူနာပြရသလို ဝမ်းသာမိပါတယ်။

"ညီမနွယ်နဲ့ ကြီးကြီးလည်း စိတ်အေးအေးထားပြီးတော့သာ အိပ်ကြပါတော့"

## (၆)

နံနက်လင်းတော့ ကြီးကြီးသက်သည် အစောကြီးထကာ ဘုရားရှိခိုးနေ၏။ သူ့တူမအတွက် ဆုမွန်ကောင်းတောင်းနေမည်ကို ပြောစရာမလိုပါ။ နွယ်ကတော့ ဆေးပေးခန်းသွားရန် စိတ်စောနေ၍ တစ်ညလုံး ကောင်းကောင်း အိပ်မပျော်ပါဟု ဆို၏။

ယခု အင်စပတ်တော် ဦးအောင်ဒင်၏ ရှေ့မှောက်သို့ ရောက်သောအခါ နွယ့်ကိုယ်ကလေးမှာ တုန်ယင်၍ နေရှာသည်။

ဦးအောင်ဒင်က နွယ်ပြောပြသော အဖြူကွက်များကို ကြည့်ရှုရန် ကျွန်မနှင့် နွယ်ကို စမ်းသပ်ခန်းသို့ ခေါ်သွားသည်။ နွယ်က အင်္ကျီချွတ်ကာ ထဘီရင်ရှားကလေးနှင့် ရပ်နေ၏။ သူ့ကျောနှင့် လက်ပြင်များတွင် အဖြူရောင် အကွက်ငယ်များမှာ အတော်များများရှိနေသည်။

mgyoe.com

mgyoe.com

ဆရာဦးအောင်ဒင်က ပြုံးလိုက်၏။ ပြီးတော့ အပ်တစ်ချောင်းယူကာ အကွက်ငယ်များကို ထောက်ကြည့်သည်။ အပူအအေး စမ်းကြည့်သည်။ ပြီးတော့ အသံထွက်အောင်ပင် ရယ်လိုက်၏။

"ခင်ဗျားဥစ္စာ ဘာမှမဟုတ်ဘူးဗျာ၊ ညှင်းကွက်ကလေးတွေပါ"

"ရှင်... ရှင်... အဟုတ်ပဲလားဆရာ... သေချာရဲ့လား ဆရာရယ်"

နွယ်သည် မျက်နှာကလေးဝင်းသွားကာ ရှိုက်မောသံကလေးနှင့် ပြန်မေးရှာ၏။

"စိတ်ချပါဗျာ... ကျွန်တော်တို့က မြင်ရုံနဲ့ သိနိုင်ပါတယ်၊ ဆေးကုဖို့လိုရင် ပြောမှာပေါ့၊ အခုဟာက ညှင်းကွက်လေးတွေပါ"

"အို... အို... နွယ် ဘာပြောရမှန်း မသိတော့ပါဘူး။ ဆရာ့ကိုရော၊ မမစိန်ကိုရော၊ မသေမချင်း ကျေးဇူးတင်ပါတယ်ရှင်။ တကယ်တော့ မိနွယ်ဟာ သေတွင်းက လွတ်လာခဲ့တာပါ။ မမစိန်စိန်စာတွေသာ မဖတ်မိရင် ဒီကိုသာမလာဖြစ်ရင် နွယ်ဟာ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် အသေဆိုးနဲ့ သေတော့မလို့ပါ။ ဒါဟာ နွယ်ငယ်ငယ်က ဝစီကံတွေ ကျူးလွန်ခဲ့လို့ ဝဋ်ခံရတာဖြစ်မှာပါပဲ။ အခုတော့ ဝေဒနာရှင်တွေအပေါ်မှာ နွယ်အများကြီး ကိုယ်ချင်းစာတတ်လာပါပြီ။ နွယ့်စိတ်ထဲမှာ သတိရတဲ့အခါတိုင်း ဝေဒနာခံစားနေရသူတွေကို နွယ်မေတ္တာပို့ပါ့မယ် မမစိန်၊ တစ်နှစ်ခွဲလုံးလုံး စိတ်ဆင်းရဲခဲ့ရသမျှဟာ နွယ့်အတွက် သင်ခန်းစာတွေပါပဲ"

နွယ်သည် ပြောရင်းနှင့် မျက်ရည်တွေတွေ စီးကျကာ အင်္ကျီကို ပြန်ဝတ်နေသည်။ ပြီးတော့ ဆရာဦးအောင်ဒင်နှင့် ကျွန်မကို ဦးချနေပြန်၏။

"နွယ်ရယ်... ညီမလေးရယ်..."

ကျွန်မက နွယ့်အား လက်ကမ်းထူကာ ထရပ်စေလိုက်သည်။

မျက်ရည်လဲ့လဲ့နှင့် ပြုံးနေသော နွယ့်မျက်နှာကလေးမှာ ပြည့်ဝသော အလှတွေ စုဝေး၍နေပါ၏။

ရွှေမဝမဂ္ဂဇင်း

❖ ❖ ❖

mgyoe.com

mgyoe.com

# လောကီသားပေမို့

## (၁)

ယဉ်သည်… ရိုင်းသည်၊ ရိုးသည်… ဆန်းသည်ဟူသော ပညတ်ချက်များကို နယ်ပယ်ဒေသ လိုက်၍သော်လည်းကောင်း၊ အနေအထိုင် အပြုအမူ လူမျိုး၏ စရိုက် သဘာဝကို လိုက်၍သော်လည်းကောင်း၊ ခွဲခြား သတ်မှတ်နေကြစေကာမူ စင်စစ်အားဖြင့်ဆိုလျှင် လူသားသည် လူသားမျှသာ ဖြစ်ပေရကား… အရိယာ သူတော်စင် ကျွတ်တန်းဝင်တို့မှတစ်ပါး ပုထုဇဉ်လူသားများအဖို့မှာ ရိုးသလိုနှင့် ဆန်း၍ ဆန်းသလိုနှင့်ရိုးကာ အမျိုးမျိုး အထွေထွေသော စိတ်သဘာဝဖောက်ပြန်မှုတွေမှာ နယ်ပယ်ဒေသ လူအမျိုးအမည်ကို ခွဲခြားသတ်မှတ်ပြီး ချွင်းချန်ရစ်မည်တော့ မဟုတ်ပါပေ။

အောက်ပါ ကိုယ်တွေ့ကြုံရသော ကျောင်းဆရာတစ်ဦး၏ မှတ်တမ်းကား ဤအကြောင်းအချက်ကို ထင်ရှားစေသော သာဓကတစ်ရပ်အနေဖြင့် အထောက်အကူပြုနိုင်လိမ့်မည် ဖြစ်ပေသည်။

ကျောင်းဆရာ မောင်နွားဖေသည် "ချင်းတောင်-ဖလမ်းမြို့သွားလျှင် ကျောင်းဆရာ အလုပ်တော့ အလွယ်ကလေးရတယ်"ဟု လူပြောသူပြောများလှသဖြင့် အဖော်အပေါင်း အကြောင်းသင့်သူများနှင့် တိုင်ပင်ကာ ဖလမ်းသို့ ခြေကျင်တက်ခဲ့ကြသည်။ ယောကျ်ားတို့၏ ကြိုးစားခြင်းသည် အချည်းနှီးမဖြစ်နိုင်ဟူသော ရှေးပညာရှိကြီးတို့ စကားမှာမှန်လှပေရာ ကြိုးစားလာခဲ့ခြင်းဖြင့် အကျိုးလည်း ရှိပါပေသည်။

mgyoe.com

mgyoe.com

ဖလမ်းရောက်ပြီး ထုံးစံအတိုင်း လျှောက်လွှာတင်လိုက်လျှင် ပညာဝန်ထောက်က ခေါ်ယူစုံစမ်း၊ ပို့ရာသွားနိုင်မလား–မေးရာ 'ကောင်းပါပြီ... သွားပါမယ်'ဟု ရိုသေကျိုးနွံသည့် သဘောဖြင့် လိုက်လျောညီထွေ ပန်ခံလိုက်သည်နှင့် လွယ်ကူစွာပင် ချင်းရွာတစ်ရွာက အစိုးရမူလတန်းကျောင်းတစ်ကျောင်း၌ တာဝန်ခံ ကျောင်းဆရာ အလုပ်ကိုတန်း၍ ရလေတော့သဖြင့် တယ်နေရာကျပဟု ဝမ်းမြောက်နေလေသည်။

ကျောင်းဆရာဆိုသော်လည်း ရှေးအခါက ကျောင်းဆရာလုပ်ဖူးသည်တော့ မဟုတ်ပေ။ ယခုချင်းတောင်ပေါ်ရောက်ခါမှ ဗမာစကားပြောတတ် ဗမာစာတတ်သူဆိုလျှင် အတန်းဘာတန်းမှ မရှိသော်လည်း မူလတန်းကျောင်းဆရာအလုပ်တော့ လွယ်လွယ်နှင့် သေချာသော ဒေသဖြစ်၍ ခြောက်တန်းမျှ သင်ဖူးသော ပညာကလေးကို မိတ်ဆွေတို့က သင်ပေးကြသော 'ညာသဘာဝပညာ'ဖြင့် (၇) တန်းဟု လျှောက်လွှာတွင် ရေးတင်လိုက်ရာ (၇) တန်းအောင် မူလတန်းကျောင်းဆရာအဖြစ်နှင့် ခန့်ထားခြင်းခံရလေတော့သည်။

လက်မှတ်မိတ္တူမှာ ဘယ်တုန်းက ဘာ့ကြောင့် မီးထဲပါသွားလို့ဆိုကာ မိတ်ဆွေတို့ သင်ကြားပေးကြသော မှန်းခြေဝါစာကမာ ပုံစံနှင့်ပင် ပြီးသွား၏။ သူ့ခေတ်နှင့် သူ့အခါ ဒီလိုပဲ လုပ်ကြတယ်ဆိုတာ ဟုတ်ကောင်းဟုတ်ပေလိမ့်မည်ဟု ယခုမှ လက်တွေ့သိရှိရာသော တောသားကလေး မောင်နွားဖေမှာသာ အံ့သြမိပေသည်။

သူ၏ ဆန်းပြားသော နာမည်ကိုလည်း ဘာကြောင့် ဒီလိုမှည့်ခေါ်ရပါလိမ့်ဟု တချို့ကတွေးကြပေမည်။ အကြောင်းကတော့ ငယ်ငယ်နို့စို့အရွယ်ကလေးက မိခင်သေသွား၍ နွားမကြီးတစ်ကောင်နို့နှင့် အသက်ဆက်ကာ ကြီးခဲ့ရသောကြောင့်ဖြစ်၏။ အမှန်တော့ 'နွားမေ' ခေါ်ရန်ရှိသော်လည်း မိန်းမဆန်မည်စိုး၍လားမသိ၊ အမေနေရာ အဖေဟု ပြင်ခေါ်ကြ၍ ယခုတိုင် 'နွားဖေ'ဟု တွင်နေသည်။ ဇာတိကတော့ ချင်းတောင်ခြေရင်းမှ ဂန့်ဂေါနယ်သားဖြစ်၏။ ဂန့်ဂေါမြို့နှင့်တော့ သိပ်မဝေးလှပါ၊ ဂန့်ဂေါမြို့အနီးရှိ တောရွာမှဖြစ်၍ တောသားစစ်လူရိုးကလေးပါပေ။

mgyoe.com

ကျောင်းဆရာဖြစ်၍ တာဝန်ကျရာ တောနယ်ချင်းရွာသို့ ရောက်သွားလျှင် ရုတ်တရက်တော့ မနေတတ်သလို ရှိသေး၏။ သို့သော်… ချင်းတောင်ခြေရင်းမှ ဂန့်ဂေါသားကလေးမျှသာဖြစ်၍ အခြေခံ ချင်းဗဟုသုတ ရထားပြီးဖြစ်သောကြောင့် ဘာမျှခက်ခဲမှုရှိလှသည်ဟုမဆိုရဘဲ မကြာခင် အနေအစား ကျသွားပေသည်။

ရွာတွင်းမှ ချင်းလူကြီးများ၊ ချင်းမကြီးများနှင့်လည်း တစ်စတစ်စ အသိအကျွမ်းဖြစ်လာကြ၏။ ချင်းကာလသားများ ချင်းလုံမပျိုများနှင့်လည်း ခင်မင်လာကြ၍ လ,များမကြာမီတွင် အတော်ကျွမ်းဝင်လာကြပေတော့သည်။ ကျောင်းသားများကလည်း ဗမာပြည်ကလာသော ဗမာဆရာဟူ၍ ပိုပြီး လေးစားချစ်ခင်ကြသည်။ ရွာလူကြီးများကမူ 'တို့ရွာမှာ ချင်းကျောင်းဆရာ မဟုတ်ဘဲ ဗမာဆရာ ရတယ်' ဟု ပိုမိုဝမ်းမြောက်ကာ အခြားရွာသားတို့ကိုပင် အသားယူ ကြွားကြသံကြားရ၍ မောင်နွားဖေမှာနည်းနည်းပင် သွေးကြီးချင်သလိုလိုဖြစ်သွားသည်။

ယင်းသို့ဖြင့် မောင်နွားဖေသည် ချင်းရွာရောက်ချင်းများနှင့် မိတ်ဆွေဖြစ်၊ ဆွေမျိုးစပ်ကာနေလာခဲ့ရာ တစ်စတစ်စနှင့် အချို့သူတို့၏အတွင်းစရိုက်တွေပါ သိလာရပေတော့သည်။ ဘယ်က စ,သိသလဲဆိုလျှင် ဆေးဝါးစကားစမြည် ပြောရာမှ ဆေးတောင်းကြဆေးဝါးအကြောင်း မေးကြရာကစ, ဦးစွာ သိရပေသည်။

ဟိုယခင်ကမူ- ချင်းတောင်ကချင်းကြီးတွေ လန်ကွတ်တီခါးစည်းကလေးကွေနှင့် ပလိုင်းကြီးတွေ ကျောပိုးကာ မြေပြန့်ဆင်းလာကြပြီး ချင်းတက်နှင့် ပိန်းဥ- မျောက်ဥတွေ လွယ်လျက် နွားဖေတို့ရွာဆီ ရောက်လာပြီး ရောင်းကြပုံ၊ ရသမျှ အဖိုးအခကလေးကို စုဆောင်း၍ ဆားဝယ်ပြီး ချေးတွေသံတွေနှင့် ပြန်တက်သွားကြပုံ၊ ရောက်ရာရွာမှာ ဘုန်းကြီးကျောင်းဝင် ချေးတစီစီနှင့် ဆွမ်းကျန်၊ ဟင်းကျန် တောင်းစားတတ်ပုံ၊ ရုံခါကျွဲနွား ဝယ်ကြပုံ၊ ချေးတွေရရာကဖမ်း သို့မဟုတ် တော်သလို ပေးဝယ်ယူသွားကြပုံလောက်သာ မြင်ဖူး၍ ချင်းတွေဟာ ခေတ်နောက်ကျသလောက် ရိုးရှာကြတယ်။ သနားစရာကောင်းတဲ့ တိုင်းရင်းသားအမျိုးသားတွေပဲဟု အကြိမ်ကြိမ်မှတ်ချက်ချခဲ့ဖူးသည်။

mgyoe.com

mgyoe.com

ယခု တောင်ပေါ်ရောက် ချင်းရွာနေချင်းတို့နှင့် နေ့ညမဟူ အတူတူ ပေါင်းသင်းနေရသောအခါ ဟိုယခင်က မမျှော်လင့်မမှန်းထားခဲ့သော လူမျိုး အလိုက် စရိုက်ဝါသနာ အဆန်းအပြားကလေးတွေကိုပါ တအံ့တသြနှင့် တွေ့ကြုံလာရသည်။

တစ်နေ့တွင် မိတ်ဆွေကာလသားတစ်စုတို့ ကျောင်းဆရာ မောင်နွားဖေထံလာ၍ ဆေးမေးကြသည်။ ထိုဆေးကို အလကားရလျှင် တောင်းမည်။ သို့မဟုတ် ရောင်းလျှင်လည်း ဝယ်မည်ဖြစ်၏။

''ဆရာ့မှာ ဟိုဒင်းဆေးမရှိဘူးလား... မပါခဲ့ဘူးလား''

''ဘာဆေးလဲကွ... ငါ့မှာ ဆေးနည်းနည်းပါးပါးတော့ ပါခဲ့တယ်။ မင်းတို့ချင်းတောင် ဥတုရာသီက မသိသာတော့ လိုရမည်ရဆိုသလို ဆေးတော့ ဆောင်ထားရတာပေါ့''

ချင်းအမျိုးသားတစ်စုသည် ဝမ်းသာမျှော်လင့်သော မျက်နှာများနှင့် ကြည့်နေကြပြီး... နေရာကျတော့မယ်ထင်တယ်ဟူသော အသွင်ဖြင့်လည်း သူတို့အချင်းချင်း ပြန်ကြည့်နေကြသည်။ ထိုအတွင်း မအောင့်နိုင်ဟန်တူသော တစ်ယောက်က ဖြတ်၍မေးလိုက်သည်။

''အိပ်တော့မယ်ဆိုတဲ့ဆေး ပါသလားဆရာ''

''အိပ်တော့မယ်ဆေးရယ်လို့ ကြားဖူးပေါင်ကွာ... ဪ... အိပ်ပျော်ဆေး ထင်ပါရဲ့၊ ဒီလိုအိပ်ဆေးကတော့ အစိုးရဆေးရုံတွေမှာ ရှိပါတယ်။ လူမမာတွေ အိပ်မပျော်ဘူးဆိုရင် ပေးလေ့ရှိတယ်။ ဒါပေမဲ့ အဲဒီဆေးမျိုးက ခဏခဏ သောက်လို့ မကောင်းဘူး၊ အားယုတ်တတ်တယ်လို့ ဆရာဝန်များ ပြောသံကြားဖူးတယ်။ မင်းတို့ အိပ်မပျော်တတ်လို့လား''

''မဟုတ်ဘူး ဆရာ... ဗမာလုပ်တဲ့ 'အိပ်တော့မယ်' ဆေးဆိုတာ ရှိသလားလို့ သိချင်လို့မေးတာပါ''

''အော်... ဗမာ အိပ်ဆေးလား၊ ဗမာအိပ်ပျော်ဆေးကတော့ တခြား မဟုတ်ပါဘူး။ ဘုန်းကြီးဘိုး လျှာပွတ်ဆေးပဲ သောက်ကြတာပဲ။ အိပ်မပျော်တတ်ရင် အိပ်ရာဝင်ခါနီး ဘုန်းကြီးဘိုး လျှာပွတ်ဆေးသာ ၃–လုံးလောက် ဝါးစားရေသောက်ပြီး အိပ်လိုက်ရင် အားကြီးအိပ်ပျော်တာပဲ အိပ်

mgyoe.com

mgyoe.com

ရာဘေးချထားတဲ့ နာရီကန့်းစက်နှိုးတာတောင် မနိုးဘူး... အကောင်းဆုံး အိပ်ပျော်ဆေးပေါ့။ ပြီးတော့ နိုင်ငံခြားကလာတဲ့ အိပ်ဆေးလိုလည်း အား မယုတ်ဘူး။ အိပ်ရာက ထရင် လန်းလန်းဆန်းဆန်းဖြစ်တယ်။ အဆိပ် အတောက်လည်း ပြေတယ်။ ဒါမျိုးတော့ မခဲယဉ်းပါဘူးလေ... ရနိုင်ပါ တယ်''

''ဟုတ်သေးဘူး ဆရာ... 'အိပ်တော့မယ်' ဆေးကိုမေးတာ''

''အေးလေ... အခု ငါပြောတဲ့ အိပ်ပျော်ဆေးကို မေးတာ မဟုတ် ဘူးလား။ 'အိပ်တော့မယ်' ဆေးရယ်လို့ မကြားဖူးပါဘူး။ အိပ်ဆေးလို့ သာ ရှိတယ်။ မင်းတို့အပြော လွဲနေတယ်ထင်တယ်''

''မဟုတ်ဘူး ဆရာ... အိပ်တော့မယ် ဆေး... သီမီစူ-နုနောင်း ဩသလဲဒုနပ်ဆီး၊ ကငထေးဆီး'' ဟူ၍ ချင်းစကားနှင့် ရှင်းပြမှ ချင်းစကား အတော်နားလည်နေပြီဖြစ်သော မောင်နွားဖေမှာ ကောင်းစွာ သဘောပေါက် ခါ အံ့ဩမဆုံးရှိလေတော့သည်။

သူတို့တောင်းကြသည့် ဆေးကား... မိန်းမလွယ်လွယ်ရနိုင်သော ဆေး၊ မိန်းမတွေ ချစ်တတ်သည့် ပီယဆေးကို ပြောခြင်းဖြစ်လေသည်။ သူတို့ပြောသည့် ချင်းစကား အဓိပ္ပာယ်တိုက်ရိုက်မှာ 'မိန်းမလွယ်လွယ်နှင့် ချစ်သောဆေး- မိန်းမရနိုင်သည့်ဆေး' ဟူ၍ ဖြစ်၏။ ထိုအခါမှ ကောင်းစွာ သဘောပေါက် နားလည်သဖြင့်...

''ဘာ့ကြောင့် ဒီဆေးမျိုးလိုချင်ရသလဲ၊ မင်းတို့ချင်းတွေဟာ လူတိုင်း မိန်းမကိုယ်စီရှိနေကြသားပဲ မဟုတ်လား''ဟု ပြန်မေးလိုက်ရာ... သူတို့ အဖြေမှာ အမျိုးမျိုး ထွက်ပေါ်လာကြသည်။

အချို့က လက်ရှိမိန်းမသေသွားလျှင် နောက်တစ်ယောက် လွယ် လွယ်ရနိုင်ဖို့ ဟူ၍လည်းကောင်း...၊ ယခု မိန်းမက သူ့မိဘထံပြန်သွားခဲ့ လျှင် အခြားတစ်ယောက်ကို အမြန်ရှာယူ အစားထိုးနိုင်ဖို့ ဟူ၍လည်း ကောင်း...၊ အသက်အရွယ်ကြီး၍ အဘိုးကြီးဖြစ်သောအခါ မိန်းမတွေ သေသွားကြသော်... ဆက်ကာဆက်ကာ လိုရာမိန်းမကို အစားထိုးယူလွယ် နိုင်ရန်ဟူ၍လည်းကောင်း။ ကိုယ်ကြိုက်သော အပျိုကို ရစေရန်ဟူ၍လည်း

mgyoe.com

mgyoe.com

ကောင်း… အထက်တန်းစား မိန်းမတွေကို လိုချင်သောအခါ သူတို့က မကြိုက်ကြ၍ ဆေးစွမ်းနှင့် ရယူနိုင်ရန်ဟူ၍လည်းကောင်း…၊ သူတို့ စိတ်ထင်ရာ မြင်ရာပြောပြကြသည်။

"နေပါဦး… ဘယ့်နှယ်ကြောင့် ဒီဆေးကို အိပ်တော့မယ်ဆေးလို့ ခေါ်ကြသလဲ။ ဘယ်သူကစ, ပြောတဲ့စကားလဲ"

"ခိဆီးခီ… ကအိဒင်းသိယ… နသီလဲ… အဒုဒုမီး… ဖလား ပခတ်ခတ္တ အမယောင်ငအငထဲဝူး… အမှုထဲဝူးသီ…"

"ဟား… ဟား… ဟား… တယ်ဆိုတဲ့ ဆေးပါလားကွာ"ဟု မောင်နွားဖေသည် အားရပါးရ ဟားတိုက်၍ ရယ်မိလေသည်။

"အောင်မယ်လေး… သူတို့စကားက ဒီဆေးလက်ကိုင်ရှိတဲ့ လူဟာ အိပ်တော့မယ်လို့ ဆိုရင် သူအလိုရှိတဲ့ အပျိုမတစ်ယောက်ယောက် သူ့အိပ်ရာတွင်း သူ့အနီးမှာ ရလေ့ရှိတယ်။ တွေ့မြင်ရလေ့ရှိတယ်တဲ့၊ ဟုတ်နိုင်မယ်မထင်ပေါင်ဗျာ… တို့ဗမာပြည်မှာဖြင့် သူတို့ပြောတဲ့ဆေးမျိုးတစ်ခါမှ မကြားဖူးပါ။ သူတို့စကားတွေကလည်း ဆယ်ခွက် တစ်ခွက်တင်တွေပဲ"ဟု တွေးထင်လိုက်သည်။

"မင်းတို့ချင်းထဲမှာ အဲဒီဆေးမျိုးရှိတဲ့လူ ကြားဖူးသလား၊ ယုံတမ်းစကားမလိုချင်ဘူးနော်… တကယ်တွေ့ကြုံဖူးတဲ့ သက်သေ သာဓကပြစရာရှိရင် ပြောပြစမ်းပါဦး"

"ရှိတယ်ဆရာ… အဲဒီဆေးရှိတဲ့လူဟာ မကြာသေးခင်ကမှ သေသွားတယ်။ သူ့ဆေးလည်း ဘယ်သူမှ မရလိုက်ကြတော့ဘူးတဲ့၊ အဲဒီဆေးက သိပ်စွမ်းတယ် ဆရာရဲ့၊ လူတိုင်း မျက်မြင်လက်တွေ့ပဲ။ ဒါကြောင့် ငါတို့ချင်းတွေဟာ ဗမာဆေးကို သိပ်ယုံကြည်ကြတယ်။ အားကြီး လိုချင်ကြတယ်"ဟု အစချီကာ သူတို့နယ်၌ အဆိုပါ ပီယဆေးရှိသူ ချင်းလူကြီးတစ်ယောက်၏ အကြောင်းစုံကို ပြောပြကြလေသည်။

(၂)

လွန်ခဲ့သော ဂျပန်ခေတ် စစ်အတွင်းကမှ ကွယ်လွန်သွားသူဖလမ်းနယ်- သာမွန်ရွာသား 'ဆိုင်လို'ဆိုသူသည် ဗမာပြည်မှ ပီယဆေးတစ်မျိုး

mgyoe.com

mgyoe.com

ရထားဖူးလေသည်။ ၄င်းသည် ယောနယ်မှ ယောဆရာကြီးတို့ထံမှဖြစ် သလော၊ အထက်ချင်းတွင်းနယ် ရှမ်းဆရာကြီးတို့ထံမှ ဖြစ်သလော။ သို့မဟုတ် ဗမာဆရာတို့ထံမှလော ဆိုသည်ကား… ဖွင့်ဟ မပြောသော ကြောင့် အမှန်မသိကြရပေ။ တန်ဖိုးပေး၍ ဝယ်ယူထားသော ဆေးဖြစ်ရာ… ချင်းတောင်ကြီးတစ်လျှောက်လုံးမှာ ထိုပီယဆေးသည် ရာဇဝင်တွင်ကျန်နေ ရစ် လောက်အောင်ပင် အတော်ကျော်ကြားသည့်ဆေး ဖြစ်သည်ဆို၏။

အဆိုပါ 'ဆိုင်လို'သည် သာမွန်ရွာ၌ သားမယားနှင့် အိုးအိမ်တည် ထောင်နေသူဖြစ်သော်လည်း… လမ်းကူလီခေါင်းအလုပ်ဖြင့် အမြဲတမ်း ခရီးထွက်နေရသောကြောင့် အိမ်သို့ကား ရံခါမှပြန်ရောက်တတ်သည်။ ၄င်း ပြင် ထိုစဉ်က အစိုးရလက်အောက်တွင် တိုက်နယ်သူကြီးများခန့်ထား၍ အုပ်ချုပ်စေရာ တိုက်သူကြီးတို့သည် ရှမ်းစော်ဘွားများကဲ့သို့ အထူးဩဇာ တန်ခိုးရှိခဲ့ကြသည်။ ဆိုင်လိုသည် တိုက်သူကြီး 'ထောင်တင်းလျှန်'၏ ရွာသားဖြစ်ရာ၊ စကားအရာနှင့် အစစလည်ပတ်သူဖြစ်သောကြောင့် ထောင် တင်းလျှန်၏ နောက်လိုက် စကားပြန် အလုပ်ကိုလည်း လုပ်လေသေးသည်။

ထိုစဉ်က တိုက်သူကြီးတို့မှာ မဟာရာဇ်ဂျာစော်ဘွားတို့လို လူချမ်း သာကြီးတွေဖြစ်ကြသလောက် ပစ္စည်းပရိဘောဂတွေလည်း အလွန်ပြည့်စုံ လက်အောက်ခံ ခြွေရံပရိသတ်တို့ကလည်းများ သားမယားတွေလည်း လို သလောက် ယူထားတတ်ကြပေသည်။ ဟားခါးနယ်မှာမူ တိုက်သူကြီး မဟုတ်သော ရွာသူကြီးရိုးရိုးတို့ပင် အနည်းဆုံးမယား ၃ ယောက်စီ လောက်တော့ ရှိတတ်ကြသည်။

သို့သော်… မြောက်ပိုင်းချင်းတောင်၌ တိုက်သူကြီးနှင့် ရွာသူကြီး မဟုတ်သော သာမန်ရွာသားတို့မှာကား… တောင်ပိုင်းချင်းတောင် ကန်ပက် လက်နယ်တို့ကဲ့သို့ သားမယားများစွာယူလေ့မရှိကြပေ။ အနည်းငယ်သော သူတို့လောက်သာ တစ်ယောက်ထက်အပိုရှိကြသော်လည်း ကွဲချည် ပေါင်း ချည်နှင့် မမြဲသောသူသာများ၏။

''ဆိုင်လို''ဆိုသည့် နာမည်မှာ ဗမာလို အဓိပ္ပာယ်အပြည့်အစုံယူ လျှင် 'မနှိမ်နင်းနိုင်'ဟူ၍လည်းကောင်း…၊ 'သူ့ကို ဘယ်သူမျှ မနှောင့်

mgyoe.com

mgyoe.com

ယှက်နိုင်'ဟူ၍ လည်းကောင်း အဓိပ္ပာယ်ရှိဖလရာ... ပီယဆေး တန်ခိုးနှင့် သူ့နာမည်သည် ဆီလျော်ကိုက်ညီသူဖြစ်ပေသည်။

လမ်းကူလီလုပ်ရာ၌ သူလိုသော ချင်းလုံမပျိုများကို ကျောပွတ်လိုက်ရုံ၊ လက်ကိုင်ကာ သုံးသပ်လိုက်ရုံနှင့် သူ့ကို အလွန်အမင်း ချစ်ကြိုက်လာကြလေရာ... ဟိုစဥ်က ချင်းထုံးစံအတိုင်းဆိုလျှင် လွယ်လင့်တကူရကြတော့သည်။ သူမလိုတော့သောအခါ ဖြေဆေးဖြင့် သုံးသပ်ထားခဲ့လျှင် ချစ်ခင်စိတ် ပျောက်ပြေပြီး နေရင်းစိတ်အတိုင်း အေးဆေးစွာ ကျန်ရစ်တော့သည် ဆို၏။

ဤနည်းဖြင့် စကားပြန်အဖြစ် တိုက်သူကြီးသွားရာနောက်သို့ လိုက်ရသောအခါ ရောက်လေရာရာ ချင်းရွာတို့၌လည်း ထိုပီယဆေးဖြင့် သူမျက်စိကျရာမည်သူ့ကိုမဆို သုံးသပ်ခြင်းနည်းဖြင့်ပင် လွယ်ကူစွာရယူလေ့ရှိကာ ထိုရွာမှ ထွက်ခွာသွားသောအခါ ဖြေဆေးနှင့် ဖြေထားခဲ့သည်ဆို၏။ ယင်းသို့လျှင် တစ်ရွာဝင်တစ်ရွာထွက် စကားပြန်လုပ်ရာ၌လည်းကောင်း၊ ချင်းလုံမပျိုပေါင်းများစွာနှင့် လမ်းဖောက်လုပ်ရာ၌လည်းကောင်း၊ ပီယဆေးစွမ်းဖြင့် မိန်းမပေါင်းများစွာရခဲ့လေရာ... အများပြော ခန့်မှန်းခြေမှာ အပျိုပေါင်း ၃၀၀ ကျော်ရှိမည်ဟု ဆို၏။ အချို့ကလည်း ၅၀၀ ကျော်ဟူ၍လည်းကောင်း၊ ၃၀၀၀ ကျော်ဟူ၍လည်းကောင်း ပြောကြသေးသည်။

သို့ဖြစ်၍ ထိုခေတ်ထိုအချိန်ခါ ထိုသို့သော ဒေသရှိ နုနယ်သော ပုထုဇဥ် တောင်တန်းသားတို့အဖို့မူ အားကျစရာ ထုံးတစ်ခုဖြစ်နေကြပေရာ ယဥ်ကျေးလှပါသည်ဆိုသော တိုင်းနိုင်ငံကြီးများမှာပင် ထိုထိုဤဤ အလီလီသောဆေးမျိုးစုံတို့ ပေါ်ပေါက်၍နေကာ ထိုဆေးမျိုးစုံတို့၏ အကြောင်းကို တစ်တစ်ခွခွ မိမိရရရေးသားထားကြသည့် ကြော်ငြာစာတမ်းများကပင်လျှင် စာနယ်ဇင်းတို့၏ စာမျက်နှာကို အလုအယက် ယူနေကြသေးသည်ဖြစ်သောကြောင့် ကျောင်းဆရာကလေး မောင်နွားဖေမှာ ချင်းလူမျိုးတို့ ပီယဆေးလိုလားလွန်းလှသည်ကို အပြစ်မဆိုသာတော့ပေ။

ရောင်းသူရှိလျှင် မှာယူဝယ်ပေးရန် ပူဆာကြသည်လည်း များလှလေရာ ဘာလုပ်ရမည် မသိအောင်ပင်ဖြစ်နေသည်။ အကယ်၍သူတို့ပြော

mgyoe.com

သလို ပီယဆေးသာတကယ်စွမ်းအောင် ဖော်စပ်ရောင်းချနိုင်လျှင် ဘာအလုပ်မှ ဆင်းရဲခံလုပ်စရာ မလို။ ချင်းတောင်လာ ပီယဆေးဖော်စပ်ရောင်းနေဖို့သာ ကောင်းတော့သည်ဟု စိတ်ကူးတစ်ခါတစ်ခါပေါက်မိသည်။

သို့သော်… မောင်နွားဖေကား။ ယခုမှ ချင်းတောင်ရောက်စဖြစ်၍ စိတ်ကူးပေါက်ရုံရှိသေး၊ အကင်းပါးသော ကုလားဆရာကြီးတွေကား ရုံခါ ချင်းတောင်လာပြီး ဆေးရောင်းကြသည်မှာ ငွေတွေသဲ့ယူသလို ရသွားကြလေသည်။

လွန်ခဲ့သော လတည်းကပင် ဖလမ်း၌ ဆေးလာရောင်းကြရာ ပီယဆေးတစ်မျိုးတည်းပင် အတော်ရောင်းသွားရကြောင်း ကြားရ၏။ သူတို့ရောင်းပုံကား ၅ိ တန်၊ ၁ဝိ တန်မှစ၍ ၂၅ိ တန်၊ ၁ဝဝိ တန် စသည် အမျိုးမျိုးထားပြကာ ကြိုက်ရာ ဝယ်နိုင်ကြသည်။ ဆေးဝယ်ထားသူတို့သည် ရွာရောက်၍ အမျိုးမျိုးစမ်းကြည့်သောအခါ ဘာမျှမစွမ်းသဖြင့် ကုလားတွေ လိမ်တယ်ဟုလည်း ပြောလာကြ၏။ ရန်ကုန်၌ တိဗက်ကြီးတွေ စပါးကြီးသည်းခြေရောင်းသလိုနှင့် တူပုံရသည်။ အမှန်ကား ဤနည်းလည်း မကောင်းပေ။ ရှမ်းဆရာကြီးတို့ ဆေးစွမ်းမျိုးသာ တကယ်လက်တွေ့စွမ်းသော ဆေးမျိုးဆိုလျှင် ဆိုသမျှအဖိုးကို ပေးဝယ်ကြမည်မှာ ဧကန်ဖြစ်ပေ၏။

မောင်နွားဖေမှာ မကြာခဏထိုဆေးအကြောင်းကို စပ်လာမေးလာတတ်ကြသဖြင့် တစ်ခါတလေလည်း ကြားဖူးနားဝရှိသည့် စကားတို့ကို ပြောမိပေသည်။

"ငါကြားဖူးတာတော့ တို့ဆေးတို့ ခပ်ဆေးတို့ အမျိုးမျိုးရှိသတဲ့။ တကယ်စွမ်းတဲ့ ဆေးကျတော့ အဖိုးနည်းနည်းမရဘူး။ ၁၅ဝိ၊ ၂ဝဝိ၊ ၃ဝဝိက ၅ဝဝိ၊ ၁ဝဝဝိ ထိပေးရသတဲ့။ မင်းတို့ဝယ်နိုင်ပါ့မလား"

"တကယ်စွမ်းရင်ပေးမယ်ဆရာ… ရအောင်ဝယ်ပေးနိုင်မလား"

သူတို့က အဟုတ် လိုလိုလားလားမေးနေကြတော့လည်း မောင်နွားဖေမှာ ဘာမျှမတတ်နိုင်တူတူဖြင့် မပြောဘဲ နေခြင်းကပင် ကောင်းလေမည်ဟု ငါ တခြားကို စုံစမ်းပါဦးမည်ဟုသာ ပြောကာရပ်ဆိုင်းထားရတော့သည်။ သို့သော် သူတို့ကား မေ့ပျောက်မနေကြဘဲ 'ဘယ်နေ့ရောက်လာမည်လဲ' ဟု မျှော်လင့်ကြီးစွာနှင့် ထပ်ပြန်တလဲလဲ မေးကြလျက်ရှိနေတော့သည်။

m.gyoe.com

mgyoe.com

သာမွန်ရွာသား ဆိုင်လို၏ ပီယဆေးမှာလည်း သူသေသောခါဘယ်သူ့မှ ပေးမထားခဲ့၍ ဘယ်နေရာထားမှန်းလည်း မသိရသောကြောင့် ဘယ်သူမျှ မရလိုက်ကြချေ။ သူ့မှာ သားလည်းမရှိ။ သမီးတွေသာရှိရစ်သည်။ ထိုအဖိုးတန်ဆေးကြီးဘယ်သူ့လက်မှ မရောက်ရဘဲ လုံးဝပျောက်ဆုံးသွားရသည်ကို လူသေသည်ထက် အဆများစွာနှမြောတသကာ ပီယဆေးလိုချင်သော ချင်းထီးတိုင်းပင် စုတ်တသပ်သပ်နေကြဆဲရှိလေသေးသည်။

(၃)

သီတင်းကျွတ် ကျောင်းပိတ်ရက်အားများတွင် ဗမာလူမျိုးများနှင့် ရဟန်းသံဃာများရှိရာ ဖလမ်းမြို့သို့ မောင်နွားဖေသွားရောက်လည်ပတ်ရာ အဆင်သင့်ပင် မိတ်ဆွေများနှင့်တွေ့၍ ဝမ်းမြောက်လှသည်။

တောကြီးတောင်ကြီးတွေ ခြားကွာသောဒေသ ဗမာတစ်ယောက်မျှ မရှိ၊ ဗမာစကားတတ်သူရှားပါး၍ စရိုက်ထုံးစံချင်းခြားကွာသော ချင်းရွာ၌ သွားနေရသည်မှာ ပျင်းခြောက်ခြောက်ကြီးလိုဖြစ်နေခဲ့ရာ ဗမာများနှင့်တွေ့၊ ဗမာစကားပြောရ၊ မိတ်ဆွေတွေနှင့် ကွဲနေရာမှ ပြန်ဆုံရခြင်းသည် ဒေသန္တရ ကွာခြားရောက်နေဖူးသော သူများမှ ပို၍အရသာရှိကြောင်းသိပေမည်။ သွေ့ခြောက်နေသော စိတ်များပင် တစ်ခဏချင်းပြောင်းလဲကာ ရွှင်လန်းအားတက်လာကြသည်။

ဖလမ်းမြို့ပေါ်၌ ဆရာတော် ဦးဥတ္တမသာရကြီးကြပ်တည်ထားသော အောင်ချမ်းသာဆုတောင်းပြည့်ဘုရားကြီးကို ဖူးလိုက်ရရာ ဘဝင်မြူး၍ ကြည်နူးလာခဲ့သည်။ ဘုရားကြီးမှာ ရုပ်ပွားတော်ကြီးဖြစ်ရာ ပလ္လင်တော်နှင့်တကွ မဏိတော် အထိ– ဉာဏ်တော်ကိုးတောင်ကျော်ရှိသော နဝင်းကိုက် 'အောင်ချမ်းသာ'ဓာတ်တော်ပေါင်းဆုတောင်းပြည့်ဘုရားကြီးဟု ဘွဲ့မည်တော်တပ်ထားကြောင်းလည်းသိရ၏။ ထိုဘုရားကြီးဖူးရပြီးသောအခါ ဘုရားကြီးတည်တော်မူသော ချင်းတောင်သို့ ရှေးဦးစွာ ကြွရောက်သာသနာပြုသည့် အဆိုပါဆရာတော်ကြီးကို ဖူးတွေ့လိုစိတ်အထူးတက်ကြွလာခဲ့သည်။

သို့နှင့် မိတ်ဆွေများနှင့် ထိုဆရာတော်ကြီးကျောင်းသို့ သွားရာ အခြားသာသနာပြု တပည့်လက်သား ကိုယ်တော်များနှင့်သာ တွေ့ရသည်။ ဆရာ

mgyoe.com

mgyoe.com

တော်ကြီးကား သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ကပင် မြောက်ပိုင်း တောင်တန်းသို့ ထွက်သွားကြောင်း၊ မဇ္ဈိမပူနယ်စပ်ထိ ကြွသွားမည်ဖြစ်၍ ရက်အတန်ကြာလိမ့်မည်ဟု သိရသဖြင့် မျှော်လင့်ကြီးစွာလာခဲ့ရသလောက် မတွေ့ရသဖြင့် ဝမ်းနည်းသလိုလို ဖြစ်သွားမိသေးသည်။

သို့သော် ဆရာတော်၏တပည့် ကိုယ်တော်များနှင့် စပ်မိစပ်ရာ စကား ပြောကောင်းလာသဖြင့် တစ်မျိုးနှစ်သိမ့်လာပြန်သည်။ ချင်းထုံးစံအမျိုးမျိုး တွေကစပြီး ချင်းတွေဗေဒင်မေးလာကြပုံ လက္ခဏာကြည့်ချင်ကြပုံ၊ ဆေး တောင်းကြပုံ စသည် စုံ၍နေတော့သည်။

မောင်နွားဖေတို့ကျောင်းရောက်စဉ်မှာ သောင်သွတ်နယ်မှ ဦးပညာ ဝံသ ကိုယ်တော်၊ ဓာမွေရွာသာသနာပြု ဦးရေဝတကိုယ်တော်၊ လိုင်ဇိုရွာ သာသနာပြု ဦးပဏ္ဍိစ္စကိုယ်တော်နှင့် ဖလမ်းကျောင်းကြီးတွင် တွဲဘက် သာသနာပြု ဦးပဏ္ဍိတကိုယ်တော်ကြီးလေးပါး ဖူးတွေ့ရရာ... ချင်းတွေ သာသနာပြုရာတွင် ကိုယ်တွေ့ဗဟုသုတ အဖုံဖုံအမိန့်ရှိကြသဖြင့် ကြားနာ ရသည်ပင် ပျော်စရာကြီးတစ်မျိုးဖြစ်နေပေသည်။

ရှမ်းကိုယ်တော်ဦးပညာဝံသက သူချင်းတောင်ရောက်စမှာ ချင်းတွေ အတော်ရိုင်းသားသေးသည်။ ယခုမှ တစ်နှစ်ထက်တစ်နှစ် ဆန်းလာကြသည် ထင်ကြောင်း ရောက်ခါစက သူတရားဟောပြ၍ ဗုဒ္ဓဘာသာဝင် ဘယ်နှစ် ယောက်ရခဲ့ကြောင်း ယခုအခါမှာ ဟိုစဉ်ခါကလို ဗုဒ္ဓဘာသာဖြစ်အောင် ဟောဖို့မလွယ်တော့ကြောင်း ဘာသာခြားတွေသာ လွှမ်းမိုးလာနေကြောင်း နှင့် သူတို့ကျေနပ်ရန် လက်ထောက်ဗေဒင်စာအုပ်ရှာထားပြီး ဒါနဲ့ပဲ လက် ထောက်စေပြီး ဟောပြောလွှတ်လိုက်ရသည်လည်းရှိကြောင်း အမိန့်ရှိ၏။

ဓာမွေဦးရေဝတ ကိုယ်တော်ကတော့ သူ့ရွာမှာ အတော်သြဇာရှိပုံရ သည်။ ဘာသာမရွေး ကျားမ, ကြီးငယ်မရွေး ကျောင်းပေါ်ရောက်လာသူ တိုင်း ဘုရားရှိခိုးခြင်း၊ ဘုန်းကြီးရှိခိုးခြင်းမှာ ပုံသေအချိုးကျဖြစ်နေကြောင်း နှင့် သူ့စကားကို ချင်းလူကြီးတိုင်းကလို နားထောင်ကြောင်း အမိန့်ရှိ၏။

လိုင်ဇိုရွာသာသနာပြုရခိုင်ကိုယ်တော်ဦးပဏ္ဍိစ္စကမူ ကျောင်းမရှိဘဲ တဲကုတ်ကလေးမှာ နေရကြောင်း၊ လူလည်တွေများလွန်းနေ၍ ဗုဒ္ဓတရား

mgyoe.com

mgyoe.com

ဟောလိုပ်ပင် မလိုက်နာချင်ကြကြောင်း၊ သို့သော် ခင်မင်ရင်းနှီးစွာ ဆက်ဆံကြကြောင်း၊ ရပ်ရွာလူကြီးတွေမှာ ဘုန်းကြီးကို လေးစားရမှန်း နားလည်ကြကြောင်းနှင့် ကျောင်းသားတွေက စာမေးပွဲအောင်မလား သိချင်၍ လက္ခဏာကြည့်လာကြသဖြင့် လက်ကိုကြည့်ပြီး မင်းတို့ကြိုးစားလျှင် အောင်လိမ့်မည်ဟု ဟောလိုက်ရကြောင်း စသည်အမိန့်ရှိလေသည်။

ဦးပဏ္ဍိတကိုယ်တော်ကြီးကမူ ရှေးရိုးတောဘုန်းကြီးနှင့်တူ၏။ စကားပြောပုံကလည်း အတော်ရိုးတာလှသည်၊ သက်တော်လည်း အတန်ကြီးပုံရသည်။ သူ့ဆီသို့လည်း ချင်းဒကာများ တစ်ခါတစ်ရံပြုံရောက်လာတတ်ပြီး လက္ခဏာကြည့်လိုကြောင်းလျှောက်ထားရာ မတတ်ပါဘူး ပြောလည်းမရ ဇွတ်ပေကပ်နေတတ်ကြကြောင်း၊ ဘာအတွက်ကြည့်ချင်ကြသလဲမေးလျှင် စစ်သားလုပ်ရကောင်းမလား၊ ကုန်သည်လုပ်ရင်ကောင်းမလား၊ နောင်ခါသူဌေးဖြစ်နိုင်မလားဆိုတာ သိချင်ကြောင်း အချို့ကလည်း မိန်းမဘယ်နှစ်ယောက်ရမလဲ... သူတို့နှင့်ပါလာသော ချင်းမတွေကလည်း ယောကျ်ားဘယ်နှယောက်လောက် ရနိုင်မလဲဆိုတာတွေ သိချင်ကြောင်းနှင့်မေးတတ်ပုံ၊ တစ်စုံတစ်ရာမှ မပြောလျှင် ပြန်ကြမှာမဟုတ်၍ တော်သလိုပြောပြီး မနည်းတွန်းထုတ်လိုက်ရပုံများ အမိန့်ရှိလေသည်။

မောင်နွားဖေနှင့် အတူပါလာသော ဗမာကျောင်းဆရာကို သောင်းဖေကလည်း 'ကျွန်တော့်ဆီမှာလည်း တစ်ခါက 'ပတ်ကံ'ဆိုတဲ့ ချင်းတစ်ယောက်လာပြီး လက္ခဏာကြည့်ချင်သတဲ့။ မတတ်ဘူးပြောတော့ ပီယဆေး ဝယ်ချင်သတဲ့။ သူ့မှာလည်း မိန်းမ ၁၂ ယောက်တောင်ရပြီးပြီတဲ့လေ... ဒါတောင် ဒီမိန်းမကွဲသွားရင် နောက်မိန်းမလွယ်လွယ်ရအောင်လို့တဲ့ ခင်ဗျာ။ ဒီလိုဆေးမျိုးက ဈေးကြီးတယ်။ ၁၅၀ဝ-၂၀ဝဝ လောက်ပေးရတတ်တယ် ဝယ်နိုင်ပါ့မလားလို့မေးတော့ တကယ်ဆေးမှန်သာ ရောင်းသူရှိရင်ဝယ်မတဲ့။ ငွေရအောင်ကူလီလုပ်ပြီး ဝယ်မတဲ့ဗျာ... ဘယ်လောက် လိုလားသလဲဆိုတာကြည့်တော့'ဟု သူ့ကိုယ်တွေ့ကို မောင်နွားဖေအား ပြောပြလေသည်။

''ဟုတ်တယ်... ကျွန်တော့်ဆီလည်း တီးဟိုင်းနယ်သား ချင်းတစ်ယောက် လာဖူးတယ်။ ငွေဒင်္ဂါး ဂို ကျော်ကျော်လောက် လက်ကဆုပ်ပြီး

mgyoe.com

mgyoe.com

မိန်းမရဆေး ဝယ်ချင်လို့တဲ့။ သူက တောရွာတွေ လှည့်လည်ပြီး ချည်ခင်တို့၊ ဆိုးဆေးတို့၊ ကလေးဝတ်စွပ်ကျယ်တို့ ရောင်းတဲ့ဈေးသည်တစ်ဦးပေါ့။

ဘာ့ကြောင့် ဒီဆေးမျိုးလိုချင်ရသလဲမေးကြည့်တော့ သူ့မှာ မိန်းမ ၃ ယောက်ရခဲ့ပြီးပြီတဲ့။ ပထမ မိန်းမက ကလေးတစ်ယောက်ရပြီး သေသွားတယ်။ နောက် ၂ ယောက်ကတော့ ကွဲသွားလို့ မိန်းမပြတ်နေတာ ၂ နှစ်ရှိပြီတဲ့။ လင်ကွာတို့ မုဆိုးမတို့လည်း မလိုချင်ဘူးတဲ့ဗျာ။ အပျိုမှ လိုချင်တာတဲ့။ ပြီးတော့ အပျိုရှာနေတာလည်း ရွာပေါင်းအတော်နဲ့နေပြီတဲ့။ သူကြိုက်တဲ့သူ ရှာမရနိုင်လို့တဲ့ . . . ။ ဒါ့ကြောင့် သူ့ကို သနားသောအားဖြင့် မိန်းမရဆေးရှာပေးပါ။ အဖိုးဘယ်လောက် ပေးရ . . . ပေးရဝယ်ချင်သတဲ့ဗျာ။

ပြီးတော့ သူက ပြောသေးတယ် သိလား . . . ကလေးမြို့အနီးက တာပန်းမှာ ချင်းတောင်က ဆင်းသွားတဲ့ချင်းမ အပျိုတွေဟာ ၁၅၀ ကျော်လောက် ရှိတယ်။ အဲဒါတွေကတော့ ချင်းတောင်ပြန်မတက်ချင်ကြလို့ သူ့ကို မကြိုက်ဘူးတဲ့။ ဖလမ်းမြို့မှာလည်း အပျိုပေါင်း ၃-၄၀ ကျော်လောက်ရှိတာပဲ။ သူတို့ကလည်း တောရွာကို လိုက်နေချင်ကြမှာမဟုတ်လို့ ကြိုက်ချင်ကြမှာ မဟုတ်ဘူး။ ဒါ့ကြောင့် သိပ်ခက်နေတယ်နဲ့ အကြာကြီး ထိုင်မှိုင်ပြီး ညည်းနေလိုက်တာဗျာ . . . ကျုပ်ဖြင့် သနားရဦးတော့မလိုလိုဖြစ်ပြီး တစ်ဖက်သာ လှည့်ရယ်လိုက်ရတော့တယ်။ ဒီလူကဖြင့် အပျိုတွေပဲ သန်းခေါင်စာရင်းကောက်နေရော့လားမသိ အံ့လောက်ပါရဲ့'ဟု မောင်နွားဖေကလည်း သူ့ကိုယ်တွေ့ကို ရယ်ရယ်မောမောနှင့် ပြောပြလေသည်။

ပြီးလျှင် ဆရာတော်များထံလှည့်၍ 'တပည့်တော်လည်း ဘုရား . . . တောရွာ ကျောင်းဆရာလုပ်ရတာ ချင်းတွေက ပီယဆေးတောင်းကြလွန်းလို့ ဘာလုပ်ရမှန်းမသိအောင်ဖြစ်နေပါတယ်။ အရှင်ဘုရားထံ အကြံဉာဏ်ပေးနိုင်မလားလို့ လျှောက်ထားချင်ပါတယ်'ဟု လျှောက်၏။

''တို့လည်းကွယ် . . . ဘာအကြံဉာဏ်မှ မပေးတတ်ပါဘူး။ သူတို့လိုလားချက်နဲ့ တို့ဘုန်းကြီးများအနေကတော့ ပြဒါးတစ်လမ်း သံတစ်လမ်းဆိုတာလို ဖြစ်နေတာပဲ။ မင်းတို့ဉာဏ်ရှိသလိုသာ ကြည့်ညွှန်ကြားကြပေါ့ကွယ်''ဟု မိန့်ဆိုလိုက်ကြသည်။

mgyoe.com

mgyoe.com

(၄)

ဖလမ်းမှ ပြန်လာခဲ့ပြီးနောက် မောင်နွားဖေသည် ကျောင်းစာ သင်ကြားပို့ချပေးရင်း မကြာခဏ နားပူလေ့ရှိကြသော ချင်းတို့၏ ဆေးဝါးအကြောင်းကိုသာ စိတ်ဝင်စားနေမိသည်။ ဖော်စပ်လည်း မပေးတတ်၊ ရောင်းချ သူလည်း ရှာမပေးတတ်နှင့် မကြံတတ်အောင်နေတော့သည်။

နောက်တစ်ကြိမ်ဆောင်းရာသီကျောင်းပိတ်ရက်တွင် ဖလမ်းသို့ တစ်ခေါက် သွားသောအခါမှ အဆင်သင့်ပင် နိုင်ငံကျော် သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရနှင့် တွေ့ရ၍ ဝမ်းမြောက်မဆုံးရှိလှသည်။ ထိုဆရာတော်ကြီးကား များစွာသော နှစ်ကာလတို့ပတ်လုံး တောင်တန်းအရပ်ရပ်သို့ လှည့်ပတ်ကြွသွားနေလေ့ရှိသောကြောင့် ချင်း၊ ကချင်၊ နာဂ စသည်တို့၏ ဓလေ့ထုံးစံ စရိုက်အကြိုက်တို့ကို ကောင်းစွာနားလည်ပြီးနေကြောင်းကြားသိရဖူး၏။ ချင်းတို့၏ အကြောင်းကိုလည်း ငလုံး ဂျင်နိုင်သလောက်နည်းနည်း အရည်ကျိုသောက်နိုင်လောက်ခမန်းနားလည်ပြီးဖြစ်ရာ... မောင်နွားဖေ ကြုံတွေ့ရသော အကြောင်းကိုလျှောက်ထားလျှင် ခဏချင်းပင် အရိပ်ပြအကောင်ထင် သိမြင်တော်မူလေသည်။

''တောင်ပေါ်သားများဟာလည်း တို့သွေးသားတွေပဲ... သူတို့က ဘာပြောပြော၊ ဘာတောင်းတောင်း တို့ပြည်မသားတွေက နားလည်စွာနဲ့ ကောင်းရာညွှန်ကြား ပြုပြင်ပေးကြရမှာပေါ့။ ငါလည်း ဟိုတစ်နှစ်ဆီက ချင်းကျောင်းဆရာတွေကို ၂ နှစ်တိုင်တိုင် နွေစဉ်ကျောင်းတက်ပြီး ကျောင်းအုပ်ဆရာကြီးအဖြစ်နဲ့ စေတနာဝန်ထမ်း သင်ပြခဲ့ရတယ်။ ဆရာတပည့်ရင်းဖြစ်လာကြတယ်ဆိုရင် မင်း ခုပြောသလို ဆေးဝါးတွေမေးကြ တောင်းကြတော့တာပဲ။

ငါ့မှာတော့ သူတို့စရိုက် ထုံးစံဓလေ့တွေ သိနေပြီးဖြစ်လို့ ကောင်းရာကောင်းကြောင်း လိုရာဆွဲ ညွှန်ကြားဟောပြပြီး ဖတ်သင့်တဲ့ စာအုပ်တွေဖတ်ကြဖို့ တိုက်တွန်းလိုက်တယ်။ မှာယူစေပြီး ဖတ်စေရတာပေါ့...။ မင်းလည်း အဲဒီနည်းနဲ့ သွားရင် ကောင်းပါလိမ့်မယ်''ဟု ကိုယ်တော်ကြီးက မိန့်ကြားလိုက်ရာ မောင်နွားဖေမှာ နည်းကောင်းနည်းမွန်ရကာ ဉာဏ်အလင်းရောင် ပေါက်တော့သည်။

mgyoe.com

mgyoe.com

ဖလမ်းမှ ပြန်လာခဲ့ပြီး နေမြဲတိုင်း ချင်းရွာသို့ ရောက်သောအခါ ဆရာကောင်း တပည့်ပီပီ… ကောင်းရာကောင်းကြောင်း ညွှန်ကြားရန်မှာ မခက်ခဲတော့ပေ။ သို့နှင့် ရှေးဦးစွာ မိမိ၏ လက်ထောက်ကျောင်းဆရာ 'ကပ္ပထန်'ဆိုသူကို စတင်ညွှန်ကြား နားသွင်းကြည့်လိုက်သည်။ လက်ထောက် ဆရာကလေးမှာ ဗမာစာ ဗမာစကားအတော်အသင့် ပြောနိုင်ဖတ်နိုင်သူဖြစ်၍ တိုက်တွန်း၍လည်း လွယ်၏။

မင်းတို့ လိုချင်ကြသည့် ပီယဆေးမျိုးမှာ ဗမာဆေးစာအုပ်များတွင် ဖော်စပ်နည်းများစွာ ရေးထားပြီးရှိကြောင်း၊ သူတစ်ပါးထံမှ ဝယ်ယူရသော ဆေးထက် စိတ်ချရကြောင်း၊ ဝယ်ရသောဆေးမှာ ပျောက်သွားလျှင် ခက်ခဲဖွယ်ရာရှိ၍ ဆေးနည်းစာအုပ်ထားရှိသူမှာ ဘယ်ခါမှ သုံး၍ မကုန်နိုင်ကြောင်း စသည်ပြောပြရာ ဆရာကပ္ပထန်သည် အတော်စိတ်ဝင်စားလာလေသည်။

"ဆရာ… အဲဒီစာအုပ်တွေဖတ်ရင် ဆေးဖော်တတ်ပါ့မလား…၊ ဖြစ်နိုင်တယ်ဆိုရင် ကျွန်တော်ဝယ်ချင်ပါတယ်"

"မဖြစ်ဘဲနေပါ့မလားကွ၊ ယောဆရာ ရှမ်းဆရာကြီးတွေဟာ ဒီနည်းတွေနဲ့ပဲ ဆေးဖော်စပ်နေကြတာပဲ။ ပြီးတော့ မင်းတို့သိချင်တဲ့ လက္ခဏာစာအုပ်တို့ ဗေဒင်စာအုပ်တို့လည်း ဖတ်ရင်ကောင်းတယ်။ ခုအချိန်မှာ ဗမာစာတတ်ထားတဲ့ လူအဖို့ အားလုံးလွယ်နေပြီမဟုတ်လား။ မင်းတို့လိုချင်ရင် ငါမှာပေးနိုင်တယ်"ဟု ပြောရာ စိတ်အားထက်သန်ပြီး မှာခိုင်း၍ အတော်စုံစုံမှာပေးလိုက်ရသည်။

ထို့နောက် အခြားနီးစပ်ရာ ရွာများမှကျောင်းဆရာများပင် တစ်ဆင့်စကားကြားကာ လိုလားကြ၍ သူတို့အတွက်ပါ စာအုပ်မျိုးစုံ တစ်ကြိမ်တည်း ငွေ ၃၀ ကျော်ဖိုးလောက် မှာပေးလိုက်ရသည်။

မကြာမီ စာအုပ်များ ရောက်လာသောအခါ အားရဝမ်းသာ ဖတ်ကြသည်။ မသိရာကိုလည်း မေးလာကြ၍ အဓိပ္ပာယ်ရှင်းလင်း သင်ကြားပေးရာ ကျောင်းစာထက် သူတို့ကို သင်ပြပြောပေးနေရသည်က အချိန်ပိုများနေသေးသည် ဟုတ်ပေ၏။ သူတို့မှာ (၈) တန်းအောင်များဟု ဆိုရသော်လည်း မူလချင်းစာက (၄) တန်းဖြစ်၍ (၅) တန်းမှ ဗမာစာအင်္ဂလိပ်စာသင်

mgyoe.com

mgyoe.com

ကြရာ ဘယ်စာမှ နူးနူးနပ်နပ်မရှိလှပေ။ သူတို့ (၈) တန်းအောင်တွေကလည်း ငါရဲ့ (၆) တန်းလောက်မှ ရေးရေးမရှိဟု လည်း လက်တွေ့သိရသည်။

သို့သော် မိမိတိုက်တွန်းသော အလုပ်လည်း ဖြစ်ပြန်၊ ပြည်မသားအနေနှင့် သူတို့ကို ကူညီရန်လည်း တာဝန်ရှိသောကြောင့် ဝမ်းသာအားရပင်ကောင်းစွာသည်းခံပြီး ပြောပေးလိုက်သည်။

ပထမဦးဆုံး မှာပေးသော စာအုပ်များတွင် 'ပီယသိဒ္ဓိလမ်းညွှန်ကျမ်း' 'သျှိုပညာ'လက်ထောက်ဗေဒင်' 'အိပ်မက်တိတ္တုံ' 'လက္ခဏာကျမ်း' 'ဗမာဆေးမြီးတို' စသည်တို့ပါ၏။ စာဖတ်ရင်း အတော်ပျော်ကြပုံလည်းရသည်။ ဆရာကပွထန်ကမူ လက်ထောက်ဗေဒင်စာတစ်အုပ်နှင့် ကျောင်းအားချိန်တိုင်းလိုလို ရွာထဲသွားပြီး လက်ထောက်ဗေဒင်ဟောနေလေရာ ကြက်ဥတွေတစ်ပွဲ့တစ်ပိုက်ကြီးပင် ရလာတတ်လေသည်။

အင်း... ပီယဆေးလိုလားတဲ့ဆရာ ကြက်ဥရဆေးက စတင်ဈေးဦးပေါက်မှကိုးဟု တွေးလိုက်မိသည်။

နောက်ထပ်လည်း လိုလားကြသောကြောင့် သူတို့နှင့်သင့်လျော်မည့် လောကီဗဟုသုတစာအုပ်ကြော်ငြာတွေ့သမျှ ဖတ်သင့်ကြောင်းပြောပြတိုင်း အမှာခိုင်း၍ မှာပေးရသည်။ စာအုပ်ရောက်လျှင် ဖတ်ကြ မသိသမျှမေးကြ ပြောပေးရနှင့် အားလပ်ချိန်ပင်မရှိအောင် အချိန်ကုန်မှန်းမသိ ကုန်သွားသည်။ သူတို့တွင် လောလောဆယ်အကျိုးရှိသည်ကား... ရှေးကထက် အဆပေါင်းများစွာ ဗမာစာကောင်းစွာ ဖတ်တတ်လာခြင်း၊ အဓိပ္ပာယ်အသိများလာခြင်း၊ ဗမာစကားပြောရဲလာခြင်းတို့မှာ လက်တွေ့ခံစားရလေတော့သည်။

တစ်နေ့တွင် လက်ထောက်ဆရာ ကပွထန်သည် ဘယ်ကကြားလာသည်မသိ၊ ခေါ်တောခပ်ဆေး၊ ဇေတဘာရီ- မဆမန်ခပ်ဆေးဆိုတာ သိပ်စွမ်းကြောင်းနှင့် ထိုဆေးကိုလိုချင်ကြောင်းပြောလာပြန်သည်။

"ဘာလုပ်ရအောင် မင်းက အဲဒီဆေးကို လိုချင်ရတာလဲ"

"ကျွန်တော်တို့ရွာမှာ အမျိုးကြီးထဲက အပျိုတစ်ယောက်ကို ကျွန်တော်လိုချင်တယ်။ သူကမကြိုက်ဘူးတဲ့ဆရာ၊ အဲဒါရအောင် သိပ်စွမ်းတယ်

mgyoe.com

ဆိုတဲ့ မဆမန်ခပ်ဆေးသာရရင် သေချာပေါက်ရမှာပဲလို့ အောက်မေ့လို့ပဲ'' ဟု ဖြေ၏။

သူ့စကားအရ သူသည် ချင်းထဲတွင် အမျိုးငယ်ထဲကပဲဟု ခန့်မှန်းရပေသည်။ သို့သော် သူလိုချင်သောဆေးကား မပေးနိုင်၍ 'မင်း အဲဒီဆေးအကြောင်း ဘယ်ကကြားခဲ့တာလဲ'ဟု ပြန်မေးလိုက်သည်။

''ကုလားကပြားလမ်း ဗိုလ်တစ်ယောက်က ပြောတယ်ဆရာ၊ ခေါ်တောတွေ မဆမန်တွေဟာ အဲဒီဆေးမျိုးကြောင့် မိန်းမတွေ လိုချင်ရာရကြသတဲ့''ဟု ဖြေသဖြင့်...

''ဒါဖြင့် မင်းကို အဲဒီဆေးစွမ်းကြောင်း ပြောပြလိုက်တဲ့ လမ်းဗိုလ်ဆီမှာ သွားတောင်းချည်ပေါ့ကွာ၊ သူတော့နားလည်ချင်လည်မှာပေါ့၊ ငါတော့ အခု မင်းပြောမှကြားဖူးတာပဲ''ဟု သူ့အလိုက်ကို ညွှန်းလိုက်ရသည်။

(၅)

မောင်နွားဖေ၏ စီမံကိန်းကား... အတော်အောင်မြင်နေပြီဟု ဆိုရမည်မှာ ချင်းကျောင်းဆရာတို့ စာအုပ်တွေနှင့် ပျော်နေခြင်းကိုထောက်၍ သိရပေသည်။

သတ္တလောကကြီးမှာ အထူးထူးသော ဆရာတို့၏ မျက်နှာကို အစဉ်မော်၍ ကြည့်တတ်ကြသောကြောင့် 'ပုထုဇဉ်'ဟု ခေါ်ဆိုရာ ရံခါနည်းကောင်း ညွှန်ပြသူနှင့် တွေ့ရလျှင် ထိုနည်းမှန် နည်းကောင်းဘက်သို့ စုပြုံအုံကြွပါတတ်၍ ရံခါမကောင်းညွှန်ကြားသူတို့နှင့် တွေ့ကြုံရပြန်ပါကလည်း ထိုမကောင်းရာဘက်သို့ လိမ့်ဆင်းသွားတတ်ကြမြဲဖြစ်၏။

ထို့ကြောင့် မဟုတ်လော။ လောက၌ တစ်ကြိမ်တစ်ခါဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာသောအခါ ထူးမြတ်သော တရားတော်တို့ကို ကြားနာရ၍ ဖုံးလွှမ်းနေသော မောဟ အဝိဇ္ဇာတွေရှင်းပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ ပေါက်၊ အလင်းရောက်ကာ ချမ်းသာရာအစစ် နိဗ္ဗာန်သို့ပင်ရောက်ရကြ၏။ ဉာဏ်ပါရမီနုသေး၍ ထိုးထွင်းသိစွမ်းနိုင်သော အသိဉာဏ်အခြေခံမရှိသေး သူတို့ပင် နတ်ရွာသုဂတိလောက်တော့ အလွယ်ရောက်နိုင်ကြပေသည်။

mgyoe.com

mgyoe.com

ယခုလည်း ဆေးတောင်းကြရာမှ နည်းကောင်းညွှန်ပြရာ... သူတို့အဖို့ မကြုံရှယ်ဖူးသော စာအုပ်များကို ဖတ်ကြရလေပြီ။ ယုတ်စွအဆုံး လက္ခဏာစာအုပ်ဖတ်ခြင်းဖြင့်- 'လူသည်- သူ့အကျိုးပေးနှင့်သူ့အကြောင်းကံ ဖန်လာဖို့ရာ၊ လူ့လက်ထဲမှာ တစ်ခါတည်းအပြီး အရေးအကြောင်းငယ်တွေ ပါလာခဲ့ကြသည်'ဆိုသော အသိဉာဏ်တစ်မျိုး ဝင်လာကြသည်။ လက္ခဏာကောင်းပါရှိသူမှာ ကောင်းကျိုးချမ်းသာရကြသည်ဟု နားလည်မှုဖြစ်သွားလေသည်။

တစ်ဖန်လက္ခဏာကောင်းပါရှိသူမှာ ဘာ့ကြောင့်ပါခဲ့၍ လက္ခဏာဆိုးရှိသူမှာ ဘာ့ကြောင့်ဖြစ်ရသလဲဟူသည်ကို ဆက်လက်တွေးဆသောအခါ လက္ခဏာကောင်း ပါရှိသူမှာ ချင်းလို 'အဇန်း နထား' ကံကောင်းသူဖြစ်၍ လက္ခဏာဆိုး ရှိသူမှာ 'အဇန်းရှား'ကံဆိုးသူဖြစ်ကြောင်း သိလာကြလေသည်။

ဤတွင် လူချင်းတူတူ ဖြစ်ပါလျက် အဘယ်ကြောင့်ကံကောင်းသူ ကံဆိုးသူဟူ၍ ခွဲခြားပေါ်လာရသနည်းဟူသည်ကို တွေးဆပြန်သောအခါ အတိတ်ဘဝက ကောင်းခဲ့သူတို့မှာ ကံကောင်းပါလာ၍ မကောင်းခဲ့သူတို့မှာ ကံဆိုးပါလာခဲ့ပုံကို ဉာဏ်အမြင်ဝင်ကာ ကောင်းသူဟူသည် စိတ်ထားကောင်းခြင်း၊ စကားဆိုပြောကောင်းခြင်း၊ အလုပ်ကောင်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပုံ။ ကံဆိုးသူ၊ ကံပျက်သူဟူသည်လည်း စိတ်ထားဆိုးခဲ့ခြင်း၊ စကားပြောပုံ ဆိုးခဲ့ခြင်းနှင့် မကောင်းတာတွေ ဆောင်ရွက်လုပ်ကိုင်ခဲ့ခြင်းဖြစ်ပုံတို့မှာ ထင်ရှားစွာ ပေါ်ထင်လာတော့သည်။

ထို့ကြောင့် စာအုပ်အတော်များများ ဖတ်ကြရပြီးသောအခါ မောင်နွားဖေထံ နည်းခံနေကြသည့် ချင်းကျောင်းဆရာတို့သည်ကံကောင်းချင်စိတ်များ ဝင်စားလာကြလေရာ... သူတို့၏ စရိုက်ဝါသနာအတိုင်း နေ့ချင်းညချင်းပင် ကံကောင်းသူကြီးတွေဖြစ်ချင်လာကြလေသည်။

သို့နှင့် 'ဆရာ ကံကောင်းသူဖြစ်အောင်ဘာတွေလုပ်ရင်ကောင်းမလဲ။ ကျွန်တော်တို့လုပ်နိုင်ရင် လုပ်ချင်ပါတယ်'ဟု မောင်နွားဖေထံချဉ်းကပ်မေးလာကြလေရာ... ဤအချိန်ကား ကောင်းရာဘဝလမ်းကြောင်းသို့ ဆွဲတင်ရန် အခါကာလပေတည်းဟူသည်ကို နားလည်မိသော ဆရာနွားဖေသည်ပို၍ စိတ်ခိုင်လာအောင် စာအုပ်ဖြင့်ပင် ထပ်မံညွှန်ကြားလိုက်ပြန်၏။

mgyoe.com

''ဖြစ်တာပေါ့ကွာ… ကံကောင်းရှိသူလည်း မင်းတို့လိုလူတွေပဲ၊ ကံဆိုးရှိသူလည်း မင်းတို့လို လူတွေပဲ၊ ဘယ်သူဖြစ်စေ၊ အလုပ်လုပ်ဖို့ လက်တွေပါခဲ့တယ်။ စကားပြောဖို့ ပါးစပ်တွေပါခဲ့ကြတယ်…။ လိုရာ သွားဖို့ ခြေတွေလည်း ပါခဲ့ကြတယ်…။ ကောင်းရာကြံဆတတ်ဖို့ စိတ်နှလုံးပါခဲ့ကြတယ် မဟုတ်လား။ ဒီလိုပါကြသူချည်း အတူတူဟာ သူတို့တောင် ကံကောင်းအောင် လုပ်နိုင်ကြသေးရင် ငါတို့လည်း ဘာ့ကြောင့် မလုပ်နိုင်ဘဲ ရှိရမလဲ။ လုပ်ချင်ရင်ဖြစ်တာပေါ့…။

''ပထမဆုံးစိတ်ကို ကောင်းကောင်းထားတတ်ဖို့လိုတယ်။ မကောင်းရာဘက်ကို ရောက်မသွားစေရဘူး။ သူတစ်ပါး မကောင်းဖြစ်တာ ပျက်စီးတာမျိုးမလိုလားရဘူး။ ငါဟာ နေရာတိုင်း ကောင်းကျိုးသာ လိုချင်သလို သူတို့လည်း ကောင်းကျိုးသာ လိုချင်ကြရှာမှာပဲဆိုတာ နားလည်ရမယ်။ ကိုယ်ချင်းစာရမယ်။ ဒီကိုယ်ချင်းစာသဘောသာ နေရာတိုင်းမှာ ထားတတ်ရင် စိတ်ကောင်းရှိသူ ဖြစ်လာတော့တာပဲ။

''စိတ်ကိုကောင်းကောင်းထားတတ်တဲ့လူဟာ ပါးစပ်က စကားပြောလည်း ကောင်းလာလိမ့်မယ်…၊ အလုပ်လည်း ကောင်းလာလိမ့်မယ်…၊ ဒီသုံးမျိုးသာကောင်းရင် ကံကောင်းရှိသူ ဖြစ်တော့တာပဲ…၊ ကံကောင်းရှိလာရင် လက္ခဏာကောင်းလည်း ပေါ်လာတော့မှာပေါ့''

''အကောင်းဆုံးကတော့ ကံကောင်းသူကံဆိုးသူတို့ရဲ့ ရှေးကဖြစ်ပျက်ခဲ့ပုံ အကြောင်းစုံပါတဲ့ စာအုပ်ကိုဖတ်ရရင် မင်းတို့ သာပြီးနားလည်လာကြမယ်။ ဒီလို စာအုပ်ကောင်းလက်ကိုင်ရှိထားတဲ့လူဟာ ဘယ်ခါမှ ကံဆိုးသူဖြစ်မှာလည်း မဟုတ်ပေဘူး။ အဲဒီစာအုပ်ရဲ့ အမည်က ဓမ္မပဒဝတ္ထုတော်ကြီးခေါ်တယ်။ လိုချင်ကြရင် မှာပေးနိုင်တယ်''ဟု ညွှန်ကြားတိုက်တွန်းရာ အားလုံးလိုချင်ကြ၍ အမှာစာ ရေးပို့လိုက်ရ၏။

ဓမ္မပဒစာအုပ်များ ရောက်မလာခင် ရက်များအတွင်း တစ်နေ့၌ လက်ထောက်ဆရာ ကပ္ပထန်သည် သူ့မှာ မိန်းမယူတော့မည့်အကြောင်း၊ ထိုရွာတွင်းမှ 'လင်းမေ'ဆိုသူ ချင်းလုံမပျိုတစ်ဦးနှင့် လက်ထပ်မည်။ အဖိုးမှာ ၂၀ဝိ ပေးရမည် ဖြစ်သော်လည်း တစ်ရာသာပထမပေးနှင့်ပြီး ကျန်တစ်ရာ

mgyoe.com

mgyoe.com

မှာ အကြွေးထား၍ရကြောင်း၊ နောင်သားသမီးရပြီးမှ ပေးရမည်ဖြစ်ကြောင်း မောင်နွားဖေထံ ပြောလာ၏။

"ဟင်... မင်းဟာကလည်း အရင်ကတော့ ပီယဆေးဝယ်ချင်လှဆို... အခုတော့ ပီယဆေးမဝယ်ရဘဲနဲ့ မိန်းမရခဲ့ပြီလား..."ဟု အံ့သြစွာ ပြန်မေးလိုက်ရာ...

"ဟုတ်ကဲ့ဆရာ... ဆေးမလိုတော့ဘူး။ စိတ်ကောင်းကောင်းထားရင် ပြီးတာပဲလို့ ဆရာပြောပြတဲ့အတိုင်း ကျွန်တော် စိတ်ထားပြုပြင်ပြီး ကောင်းကောင်းထားလို့ ထင်ရဲ့ဆရာ... သူ့မိဘတွေက သူ့သမီးကို ယူပါ ဝယ်ပါနဲ့ စ,ပြောလာတယ်...၊ ပြီးတော့ သူကစပြီး ကျွန်တော့်ကို ချစ်ကြောင်း ပြောနေတယ်။ ညစာထမင်းတောင် သူတို့ဆီ လာလာစားပါတဲ့။ ကျွန်တော့်အတွက် ကြက်သတ်ပေးတယ်။ ကြက်ဥပြုတ်ပေးတယ် ဆရာ"

"ဟေ... တယ်နေရာကျပါလားကွဲ့၊ အဲဒါကြောင့် ငါပြောတယ် မဟုတ်လား။ စိတ်ထားကောင်းရင် ဘာမဆိုလိုရာပြီးနိုင်တယ်ဆိုတာ မင်းအခု လက်တွေ့ဖြစ်နေပြီလေ"

"ဆရာပြောပြ၊ သင်ပြတာတွေ စာအုပ်မှာပေးတာတွေကို ကျွန်တော် သိပ်ကျေးဇူးတင်တယ်ဆရာ"

ကပ္ပထန်က ကျေးဇူးတင်စကားများပင် ပြောလာလေသည်။

ရက်များမကြာမီတွင် သူတို့လက်ထပ်ပွဲကား ပြီးသွား၏။ ချင်းထုံးစံလည်း သိရန်၊ ဖိတ်ခေါ်ခြင်းလည်း အားပေးရန်အတွက် ဆရာ မောင်နွားဖေသွားလိုက်ပါသေး၏။ ကျွေးမွေးသမျှကိုကား မစားနိုင်ခဲ့၊ ဝက်သားပြုတ်အတုံးကြီးတွေနှင့် ဆားကိုခွက်ထဲပုံချကာ ဆတ်ဆန်ထမင်းကို ဆန်ကောနှင့်ထည့်၍ တည်၏။ လူများဝိုင်းစားကြသည်။ 'ဇူး' ခေါ်စိမ်ရည်အိုးတွေလည်း တည်၍ သောက်ကြ၊ မူးကြ၊ ဗုံတီးကြ၊ သီချင်းဆိုကြ၊ ကကြ၊ မြူးကြသည်။

လူကြီးစုံရာရှေ့တွင် မိန်းမဝယ်ကြေး ၂၀၀ိ အနက် သမီး၏ ဖခင်လက်ထဲသို့ သမီးဝယ်သူ သတို့သားက ၁၀၀ိ လက်ငင်း ပေးအပ်ရသည်။ ကျန် ၁၀၀ိ ကို နောင် သူလို၍ တောင်းသောအခါပေးပါမည်ဟု ကတိဝန်

mgyoe.com

mgyoe.com

ခံပြုရသည်။ ငွေပေးချေ၊ ထမင်းကျွေးပြီးလျှင် လူများစွာက ညနေမိုးချုပ်တွင် သမီးကို သမက်ထံလိုက်ပို့ကြသည်။ ယင်းသို့လျှင် လူပျိုကပွဲထန်သည် 'ပစမ်းကပွဲထန်' အိမ်ထောင်ရှင်ကပွဲထန် ဖြစ်သွားတော့သည်။

မှာထားသော စာအုပ်ပါဆယ်များ ရောက်လာသောအခါ ဖတ်ကြ၏။ ပါဠိတွေကို ချန်၍ မြန်မာလိုရေးသမျှစာနှင့် အဓိပ္ပာယ်ပြည့်စုံကြောင်း ပြောပြကာ ဖတ်နည်းပေးရ၏။ ဤနည်းဖြင့် ဖတ်ကြရာ... စဦးစွာ 'စက္ခုပါလမထေရ်'ကြီးအကြောင်း တွေ့ကြပြီး ရှေးဘဝက သူတစ်ပါးကို မျက်စိကွယ်အောင်လုပ်ခဲ့၍ ဤဘဝ၌ မျက်စိကွယ်ရပုံ သိကြသောအခါ သူတစ်ပါးကို မကောင်းအောင် ပြုလျှင် ထိုသူ၌ မကောင်းကျိုးခံရသမျှနောင်အခါ မိမိမှာ ထိုနှင့်အတူ ပြန်၍ခံရကြောင်းကို ကောင်းစွာ နားလည်သွားကြလေသည်။

ကိုယ်ချင်းစာတရားဟူသည် အခြားမဟုတ်၊ ငါမဖြစ်စေချင်သော အရာဟူသမျှ သူတစ်ပါးလည်း မဖြစ်ပါစေနဲ့ဟူသည်ပင်ဖြစ်ကြောင်း နားလည်ထားကြလေသည်။

''အိပ်တော့မယ်ဆေး တောင်းကြတဲ့ ဆွေတွေ၊ ကိုင်း ရကြပြီမဟုတ်လား၊ စာအုပ်တွေ''ဟူ၍သာ စိတ်ထဲက ပြောရင်း...

''ငါလုပ်ခဲ့တာတွေဟာ ကောင်းကျိုးချမ်းသာ မင်္ဂလာတွေပဲ။ ဘုရားရှင် လက်ထက်တော်အခါက မယားဟောင်းဖြားယောင်းလို့ လူထွက်ချင်လှပြီး လူ့ဘောင်လယ် တမော့မော့နေတဲ့ ရဟန်းတစ်ပါးကို ဘုရားရှင်သိတော်မူတဲ့ခါ... ဒီရဟန်းကိုခေါ်တော်မူပြီး လူ့ဘဝရဲ့ ငြီးငွေ့ဖွယ် အကြောင်းမျိုးစုံပြတရားချ ဆုံးမလိုက်တဲ့အတွက် လူထွက်ချင်စိတ်တွေ လုံးဝကင်းပျောက်ပြီး အရဟတ္တဖိုလ်ရောက်ရဟန္တာဖြစ်သွားသလို...

''ပီယဆေးငမ်းငမ်းတက်လိုချင်ကြတဲ့ သူတို့လူစုလည်း ကိုယ်ချင်းစာတရား ရကြကုန်ပြီ... ဓမ္မပဒတောင် ကြည့်တတ်ကြပြီ...၊ ကိုင်း... ဒါတွေနဲ့ပဲ ပျော်ကြပေတော့ ဒါတွေကမှ ကောင်းကျိုးချမ်းသာပေးနိုင်စွမ်းပါတယ်ကွယ်''... ဟု မိမိပြုခဲ့သော အမှုကို ပြန်လည်တွေးဧဘကာ မောင်နွားဖေမှာ တစိမ့်စိမ့် ဝမ်းမြောက်နေမိတော့ပေသတည်း။

**ရွှေမဝမဂ္ဂဇင်း**

❖ ❖ ❖

mgyoe.com

mgyoe.com

## တွေ့မြင်ချင်ရေးရယ်နှင့်

အခန်းပြင်မှ တရှုပ်ရှုပ် ငိုရှိုက်နေသော မအေးရှင်၏ အသံသည် ကျွန်မ၏ ဦးနှောက်အားမီးပြင်းပြင်းနှင့် အကင်ခံရသည့်သဖွယ် ပူလောင် ခြောက်ခန်းစေသည်ဟု ထင်မိပါသည်။

စာရေးရန်ထိုင်နေရသည်မှာလည်း ခါးတွေပင်တောင့်နေပါပြီ။ ကျွန်မ သည် လက်ထဲမှ ကလောင်ကို ဆကာ-ဆကာ ငေးငိုင်၍ နေမိခိုက်တွင် အပြင်ဘက်မှ မအေးရှင်၏ ရှိုက်သံမှာ တိမ်ဝင်သွားပြီး စကားသံတွေကို ကြားနေရလေသည်။ ကျွန်မလည်း စာရေးရန်ကို စိတ်သွင်းမရတော့သည် နှင့် စကားပြောသံများကို အမှတ်မထင် နားစိုက်မိသွားသည်။

"ညည်းတို့အတွက်တွေက ဘေးလူတွေမှာ စိတ်မချမ်းသာရပါဘူး အေ... ဖြစ်တာလည်းဖြစ်တာပေါ့။ တခြားလူတွေမှတ်လို့ ကောင်းကောင်း မွန်မွန် ခေါ်ပြောနေကြရင်ပြီးရော၊ တစ်မူပေါ် တစ်မူဆင့်ပြီး မမိုက်ချင်ကြ စမ်းပါနဲ့"

ထိုအသံမှာ မအေးရှင်အား မေမေက ဖျောင်းဖျပြောဆိုနေခြင်းဖြစ်ပေ သည်။ မအေးရှင်ထံမှတော့ စကားပြန်မရ၊ မသောင်း၏ ဆတ်ဆတ်ကြဲ အသံကသာ ကြားဖြတ်၍ ထွက်ပေါ်လာသည်။

"ဟုတ်တယ် အမေကြီးရယ်... တစ်ခုခုကလေးပြောလိုက်မိရင် မျက်ရည်ထွက်ရတာက အရင်ပဲ။ ဖြစ်ရတာချင်းအတူတူကို သူပဲ အလွမ်း သယ်နေတာပဲ"

mgyoe.com

"သယ်ရတယ်တော်ရေ့… ကျုပ်တို့မှာက တရားခံဘက်က ဖြစ်နေတော့ ပြောသမျှ ငုံ့ခံနေရတာ ဝမ်းနည်းတာပေါ့"

မအေးရှင်ကလည်း ခံမနေ… ဋိသံ မပျောက်တပျောက်နှင့် ပြန်၍ထုချေလိုက်သည်။

"အေးပေါ့အေ… လင်တစ်ယောက်လုံး သေမလားရှင်မလား ဖြစ်နေတာတော့ ငါက ဝမ်းမနည်းရဘူးပေါ့။ ဟင်း… ဟင်း… ကောင်မကိုက သူများအိမ်ကြီးမှာ မင်္ဂလာမရှိ- ကျက်သရေမရှိ"

"ဟဲ့… တော်ကြစမ်း၊ ငါ့အိမ်မှာ ဒီလိုသွေးကွဲစကားတွေ မကြားချင်ဘူး"

နောက်တစ်ကြိမ် မသောင်းက စကားအတွန့်တက်လာသည်တွင် မေမေက အော်ငေါက်လိုက်ခြင်းဖြစ်ပေသည်။ မေမေစိတ်တိုမည်ဆိုတော့လည်း တိုချင်စရာပေ။ မသောင်းနှင့် မအေးရှင်မှာ ဆွေမျိုးဝေးလှသည် မဟုတ်။ ထို့ပြင်မသောင်းယောကျ်ား ကိုဖိုးအေးနှင့် မအေးရှင် ယောကျ်ားကိုပုဆိုတာကလည်း သူတို့ချင်းဆွေရင်းမျိုးချာသာဖြစ်သော မေမေ၏ မြေးနှင့်တူများသာ ဖြစ်လေသည်။

သူတို့အားလုံးတောရွာကြီးတစ်ရွာတွင်နေကြသည်။ တောဘက်မှာ အဖြူတွေ အနီတွေ ဘာရောင် ညာရောင်တွေ အပြောင်းအလဲဖြစ်ကာ ရှုပ်ထွေးနေ ကြစဉ်က သူတို့ရွာနှင့် နီးသော မြို့ပိုင်ရုံးစိုက်ရာမြို့ကလေး၏ မြို့ရိပ်ကို ခိုလှုံလာကြတော့လည်း အတူတူပင်ဖြစ်သည်။

ယခုတော့ ကိုဖိုးအေးအား ကိုပုက ဓားနှင့်ခုတ်ထားသဖြင့် ခရိုင်ဆေးရုံနှင့် အချုပ်ခန်းတွင် အသီးသီးရောက်ရှိနေကြပြီး ရုံး-ဂါတ်နှင့်နီးရာ ကျွန်မတို့အိမ်တွင် မသောင်းနှင့် မအေးရှင်က လာရောက်တည်းခိုကြရာမှ တစ်ယောက်နှင့်တစ်ယောက် ထိခလုတ် ပါးခလုတ်နှင့် စကားအတင် အစီးမခံအကျအနကောက်ကာ တကျက်ကျက်ဆိုသလို ဖြစ်နေကြရာ အငိုလွယ်သော မအေးရှင်တစ်ယောက်က စကားအခန့်မသင့်ဖြစ်ကြတိုင်း တအီအီငိုနေတတ်ခြင်း ဖြစ်လေသည်။

ကျွန်မက သည်လို နားပူနားဆာတွေနှင့် ကင်းလွတ်ရာကို သွားလိုက်ချင်သည်။

mgyoe.com

mgyoe.com

တစ်ယောက်တည်း ဆိတ်ဆိတ်ငြိမ်ငြိမ် စာရေးဖို့ကောင်းမည့်နေရာကို အတွေးဖြင့်ရှာကြည့်မိသည်။ စိတ်ဆိုသည့် စိတ်က နီးနီးနားနားမှာတော့ မတွေ့၊ ဟိုးအဝေးကမသောင်းတို့ 'ယင်းမာပင်' ရွာကြီးကိုသာ စိတ်တမ်းမိသွားသည်။

ထိုရွာတွင် တစ်ရွာလုံးလိုလို ဆွေမျိုးချည်းဖြစ်၍ ကျွန်မတို့သွားသည့်အခါ ဝမ်းသာအယ်လဲ ဆီးကြိုကျွေးမွေး ဧည့်ဝတ်ပြုတတ်ကြသည်။ ၁၅ ရက် အရက် ၂၀ မျှ ကြာသော်လည်း တစ်အိမ်တစ်နပ်ထမင်းစားရသည်မှာ ဆွေမျိုး အိမ်မနံ့သဖြင့်၊ အချို့ဆွေမျိုးများက ထမင်းမကျွေးရ၍ တဖျစ်တောက်တောက်နှင့် ပြောကျန်ခဲ့ရသည်။

ယင်းမာပင်ရွာကြီး၏ အရှေ့ဘက်တွင် ဘုန်းကြီးကျောင်းရှိသည်။ ကျောင်းမြေသလင်းမှာ မြက်တစ်ပင်မရှိ၊ ဖုတ်ဖြူဖြူနုနုကလေးများဖြင့် ဖွေးဖွေးဖြူနေသည်။ ကျောင်းမြေပတ်လည်တွင် ဝါးပင်ကလေးများကို စည်းရိုးလုပ်ထားသည်။ ထီးရိုးဝါးပင်ကလေးတွေမို့ ပင်ခြေရှင်း၍ ဖြောင့်တန်းဝန်းဝိုက်စွာ အလှတစ်မျိုးပင်ဖြစ်သည်။ ကျောင်းဝင်းထဲတွင် သရက်၊ မရမ်း၊ မန်ကျည်း၊ အုန်း၊ ရှောက်စသည့် သီးစားပင်များက အုပ်အုပ်ဆိုင်းဆိုင်း အရိပ်မိုးပေးသလို အေးမြသာယာလှသည်။ တစ်ရွာလုံးမှာလည်း ဥယျာဉ်ခြံမြေများဖြင့် စိမ်းစို၍သာနေသည်။

အင်း... သည်နေရာ သည်ရှုခင်းတွေကို မက်မော၍ ကျွန်မ တစ်ခေါက်ရောက်ရှိသွားစဉ်က သူတို့တစ်တွေအတွက်ပင် စာတစ်လုံးမျှမရေးနိုင် ဖြစ်ခဲ့ရသည်ကိုလည်း တွေးမိပါသေး၏။

မှတ်မိပါသေးသည်။ လွန်ခဲ့သောနှစ်ပေါင်းအတော်ကြာလောက်က...

× × ×

မေမေ့ညီမ ဒွေးလေး ဒေါ်သိန်းရင်တို့အိမ်မှာ ကျွန်မတည်းခိုသည်။ သည်ရွာရောက်လျှင် သည်အိမ်မှာ ကျွန်မတည်းခိုနေကျပင်ဖြစ်၍ အခြားဆွေမျိုးများအိမ်သို့ ဤအိမ်မှတစ်ဆင့် အလှည့်သင့်သလို သွားလာလည်ပတ်ရသည်။

mgyoe.com

mgyoe.com

ဒွေးလေးတို့မှာ သားသမီးမရှိ၊ ဦးလေးနှင့် သူပါ အားလုံးပေါင်းမှ ဧနီးမောင်နှံနှစ်ယောက်တည်းသာ ဖြစ်သည်။ နှစ်ယောက်လုံးပင် အလုပ်အကိုင်ကောင်းသဖြင့် ငွေပိုငွေလျှံ စုဆောင်းမိကာ ချောင်လည်ကြသည်။

ကျွန်မရောက်သွားလျှင် 'အိမ်ကျယ်ကြီး လူနည်းတော့ အမြဲတမ်းပျင်းစရာကောင်းနေတာ လုံမလေးရောက်လာတော့ အတော်ပဲပေါ့ အကြာကြီးနေဦး' ဟု ပြောကြသည်။

"စာရေးမယ်လို့ စိတ်ကူးပြီးလာတာပဲ။ စာရေးလို့ ဟန်ကျရင် နေဦးမှာပေါ့ ဦးလေးရဲ့" ဟု ကျွန်မက ပြန်ပြောရသည်။

"အေး... အေး... ကောင်းပါလေရဲ့၊ နင့်ဒွေးလေးကော ဘယ်သွားသလဲ... ကောက်ညှင်းဆန်စိမ်ပြီးပလား။ ထန်းဖူးကောရပလား။ ငပုကိုတက်ခိုင်းပစ်ခဲ့တယ်" ဟု ပြောရင်း ဦးလေးက သူ့လက်ထဲမှ ဖြာပြီးသားနီးတွေကို လက်ဆွဲကိုင်း သံပုံးထဲသို့ ခွေထည့်ပြီး ရေစိမ်ထားလိုက်သည်။

"ပဲနက်စေ့ ပြုတ်နေတယ်လေ... ဆန်တော့ မနက်တည်းက စိမ်ထားတယ်။ ထန်းဖူးတော့ မရသေးဘူး။ ငပုက ဘယ်ကိုခြေရှည်နေမှန်းမှမသိတာ၊ သူမလာခင် ငှက်ပျောသီးထုပ် ထုပ်မလို့ ငှက်ပျောရွက်ခုတ်ပြီးပြီ"

"အေး စောစောထုပ်ကြလကွာ... လုံမတို့လာတဲ့အခါ စားရအောင်၊ လုံမတို့တစ်အိမ်သားလုံးက မြို့မှာနေကြပေမယ့် တောအကြိုက်တော့ မျိုးရိုးအလိုက်ကြိုက်ကြတာပဲ"

"ကောက်ညှင်းလောက်ကောင်းတာ ဘယ်မှာရှိဦးမလဲဦးလေးရဲ့။ အမြဲတမ်းစားရင် အစာမကြေမှာစိုးလို့သာပဲ၊ ကောက်ညှင်းကို ပဲနိုင်နိုင်နဲ့ပေါင်း၊ ပူပူနွေးနွေးကို ပျော့နေအောင်ရိုက်ပြီး ငါးရံ့ခြောက်ဖုတ်ဆီဆမ်းတို့ ဘဲဥကြော်၊ ငါးကြော်တို့နဲ့သာ တို့စားလိုက်ရရင် စားရင်းကို အီပြီးမျက်တောင်စင်းလာအောင်ကောင်းတာ၊ ပြီးတော့သာ ဝမ်းနုတ်ဆေးစားဖို့ မမေ့လေနဲ့ပေါ့... အဟင်း... ဟင်း... "

"အင်း... လုံမလေးကတော့ မြိန်ရေရှက်ရေပြောပြပါလိမ့်မယ်။ ကြိုက်သလို စားရပါတယ်ဗျာ စားပါ။ ကောက်ညှင်းစပါးအများကြီးရှိပါတယ်"

mgyoe.com

mgyoe.com

ဦးလေးက အိမ်နှင့် ကပ်လျက်သား နွားခြံတွင်းသို့ ဆင်းသွားကာ နှီးဖြာနေပြန်သည်။ ဒွေးလေးက ငှက်ပျောသီးမှည့်တွေကို အခွံခွာ၍ ပလုံးထဲသို့ ထည့်နေသည်။ ကျွန်မမှာ နောက်ဖေးဘက်သို့ ဆင်းသည့်တံခါးပေါက်ဘေးနားတွင် စားပွဲတစ်လုံးနှင့် ထိုင်၍ စာရေးရန်ပြင်နေသည်။

နောက်ဖေးတံခါးပေါက်မှ ခြံထဲသို့ ကြည့်လိုက်လျှင် ကွမ်းသီးပင်သုံးပင်နှင့် မန်ကျည်းပင်ကြီးအလယ်တွင် အုတ်ရေတွင်းကလေးကို တည့်တည့်ကြီးမြင်နေရသည်။ ရွာထဲမှ သုံးရေသောက်ရေနွားရေတို့ကို နီးရာအိမ်များမှ လာ၍ ခပ်ယူနေကြသည်မှာ လူမစဲသလောက်ရှိနေသည်။ ရေချိုးသူအဝတ်လျှော်သူများက တစ်မျိုးနှင့် ပျော်စရာကောင်းလှသည့် မြင်ကွင်းကလေးပဲဟု ကျွန်မကငေး၍သာ ကြည့်နေမိပါသည်။

"သိန်းရင် လာအေ... ဒီအပေါက်နားကို လေတိုက်လို့အေးတယ် နှင့်နေရာက ပူကပူသနဲ့၊ ငါပါကူထုပ်ပေးမယ်"ဟု အရှေ့ဘက်အိမ်မှ ကြီးတော် ဒေါ်လှမယ်ရောက်လာပြီး ခေါ်လိုက်သည်။

"လုံမလေးလည်း တို့အိမ်တစ်ခေါက်တည်း ရောက်သေးတယ်။ မသောင်းကဖြင့် မျှော်လို့ လာဦးမလားနဲ့"

"နောက်မှ လာလိမ့်မယ် သူစာရေးချင်လို့တဲ့။ အခုလည်း ရေးမလို့ပဲ"ဟု ဒွေးလေးသိန်းရင်က ပြောပြလိုက်သည်။ ရေးကြီးခွင်ကျယ်လုပ်ကာ သည်လိုသာ ပြောနေရသည်။ ကျွန်မမှာ စာကို ဖြစ်ဖြစ်မြောက်မြောက်ရေးတတ်သည်တော့ မဟုတ်သေး...။

ကြီးတော်နှင့် ဒွေးလေးတို့နှစ်ယောက် ကျွန်မနှင့်ခပ်လှမ်းလှမ်းတံခါးပေါက်တွင် လေကလေးတအေးအေးနှင့် ကောက်ညှင်းဆိုင်း ထုပ်နေကြသည်။ ကျွန်မမှာ ဘာကိုစ၍ ရေးရမည်မသိ... ကလောင်ကိုကိုင်ကာ ဟိုကြည့်သည်ကြည့်လုပ်နေရသည်။

ရေတွင်းသို့ မျက်စိရောက်သွားပြန်လျှင် ကောင်မကလေးထဘီရင်ရှားနှင့် ရေအိုးရွက်လာတာကိုစ၍ ရေးလိုက်ရမည်လား... ဒါမှမဟုတ် ... နွားပြာ... နီ... ဖြူ ကျားတွေ တွင်းဘေးကရေစည်ပိုင်းမှာ အလုအယက်သောက်ကြရင်း နွားနီကြီးက နွားကျားကြီးကို လိုက်ခွေ့၍ နွားကျား

mgyoe.com

mgyoe.com

ကြီးကကြောက်အားလန့်အားနှင့် ဆုတ်အလာ ရေရွက်လာသော ကလေးမ ကလေးက အေးရှောင်ထွက်ပြေးရာမှ ရေအိုးကလေးဖြန်းခနဲ ကျကွဲသွားတာ ကိုပင် စ,၍ ဇာတ်လမ်း ဆင်လိုက်ရမည်လားနှင့် တောင်တောင်အီအီတွေး ရင်း ဘာကစ၍ ရေးရမှန်းမသိသလောက် ဖြစ်နေသည်။

ဒွေးလေးတို့ဘက်သို့ မျက်စိရောက်သွားမိပြန်၏။ ကျွန်မကြည့်မိသည့် တစ်ခဏတွင်ပင် ပါးစပ်နှင့် ကိုက်၍ နှီးကြိုးကို ကျစ်ကျစ်ပါအောင် ဆွဲ လိုက်ရင်းမှ နှီးကြိုးက တောက်ခနဲပြတ်သွားကာ ကောက်ညှင်းထုပ်ကလေး လက်မှလွတ်ကျသွားသည်နှင့် တစ်ပြိုင်နက် 'မိထူးနဲ့ ရွှေတောင်တွေပြုကုန် ပြီဟဲ့'ဟု ကြီးတော်က ယောင်လိုက်သည်ကို အသံများပင်ထွက်အောင် ရယ်လိုက်မိသည်။

''ကုန်ပါပြီတော်... ဆန်တွေ''ဟု ကြီးတော်က သူ့ဟာသူမြည်တွန် တောက်တီးပြုနေသည်။

''အင်း... ကောက်ညှင်းထုပ်ရင်းဇာတ်လမ်းကို စဉ်းစားနေရတာက မှ ကောင်းတောင်းတောင်း''

ကျွန်မက ဘာအတွေးအခေါ်မျှမရှိသေး၍ ဖျစ်ညှစ်ပြီး ဘွက်မလာ နိုင်တော့သော ကလောင်ကို အသာချခဲ့ပြီး ကြီးတော်တို့နံဘေးမှာ ဝင်ထိုင် လိုက်သည်။

''အမယ်... လုံမလေးကများ ကောက်ညှင်းထုပ်ဦးမလို့တဲ့လား၊ သွားစမ်းပါအေ... ညည်းတို့မြို့သူတွေ မလုပ်တတ်ပါဘူး''

''ဟင့်အင်း... ကျွန်မလုပ်တတ်ပါတယ်ကြီးတော်ရဲ့၊ ငှက်ပျောသီးနဲ့ ဆန်နဲ့ထည့်ပြီး လေးထောင့်ပြားပြားထုပ် နှစ်ခုပူးပြီးနှီးနဲ့ချည်ရုံဟာကို ဟိုထန်း ဖူးနဲ့ ထုပ်ရတာမျိုးသာမလုပ်တတ်တာ''

''အေးဟဲ့... ထန်းဖူးဆိုလို့ ငပုတစ်ယောက် ခုထိမလာသေးပါလား ဟဲ့။ ဒီသေနာကောင်များ ခိုင်းလိုက်ရရင်တော့လား...''

''ရောက်နေပါပြီ ရှင်သိန်းရင်ရဲ့ တို့အိမ်မှာပါ''

ဒွေးလေးက မြည်တွန်တော့မည်ပြုသည်ကို ကြီးတော်က ဟန့်တား လိုက်သည်။ သို့ရာတွင်... 'ဩော်... ဩော်... မိသောင်းနဲ့ တွေ့နေရင်

mgyoe.com

mgyoe.com

တော့လားဒင်းအကောင် အမြှုပ်စီစီမထွက်ဘဲ မပြန်ဘူးမှတ်’ဟု ဒွေးလေးက ဆက်ပြောလိုက်ကာ ‘အေ… ငပုရေ’ဟု ခုနစ်သံချီနှင့် ကုန်းအော်လိုက်သည်။

အိမ်ချင်းကပ်နေသော ကြီးတော် ဒေါ်လှမယ်တို့၏ ခေါင်းရင်းအိမ်မှ ‘ဗျို… လာပြီဗျို့’ဟု ပြန်ဟစ်လိုက်သော ကိုပု၏အသံကို ကြားရ၏။ မကြာမီ ထန်းဖူးတွေ လက်မှာကိုင်ပြီး ပြုံးစေ့စေ့နှင့် တက်လာသော ကိုပုကို တွေ့ရသည်။

“နင်တို့အဲလောက်ထနေ… တော်တော်ကြာနင့်ဦးလေးက သောက်မြင်ကပ်ပြီး ဘာမှမထည့်ဘဲ မပြောဘဲနေလိမ့်မယ်သိလား”

“အေးပါတော်… မိသောင်းလည်း ဘိုးအေက တစ်ခါမာန်ပြီ မမှတ်ကြသေးဘူး”

ကိုပုကို မြင်မြင်ချင်း ဒွေးလေးက ဆီးကြိမ်းရာ ကြီးတော်ကပါ မသောင်းအကြောင်းကို ဝင်ပြောသည်။ ကျွန်မမှာ ဘာမျှ နားမလည်သေးသည်နှင့် ကြောင်၍သာ ကြည့်နေမိ၏။ ကိုပုကတော့ ဖြစ်စပ်စပ်နှင့် ရယ်၍သာနေသည်။

ကိုပုမှာ ဒွေးလေးနှင့် (တူမကမွေးသော) မြေးတော်သည်။ ဒွေးလေးတို့ အိမ်မှာပင် နှစ်ရှည်နေထိုင်ကာ ကူညီလုပ်ကိုင်ခဲ့၍ ဒွေးလေးတို့က ပစ္စည်းများကို ထိုက်သင့်သလို ပေးအပ်ရန်ရာထားသူလည်း ဖြစ်သည်။

မသောင်းမှာ ကြီးတော်ဒေါ်လှမယ်၏ ချွေးမဖြစ်သည်။ ကြီးတော်သား ကိုဖိုးအေးနှင့် ကိုပု၏ အမေမှာ မောင်နှမတစ်ဝမ်းကွဲလေသည်။ ကိုဖိုးအေးနှင့် ကိုပုမှာ ဦးလေးနှင့်တူပင် ဖြစ်သော်လည်း အသက်ချင်းမှာ မတိမ်းမယိမ်းလောက်သာ ရှိကြသည်။ သူငယ်ချင်းတွေလို ထိပ်ပုတ်ခေါင်းရိုက်နေတတ်ကြ၏။ ယခုမှမသောင်းနှင့် ကိုပုတို့ကဘာဖြစ်၍ ကိုဖိုးအေးက ဘာကြောင့် မာန်ရလေသနည်း… ကျွန်မက အတွေးနက်တော့မည့်ဆဲဆဲတွင် မသောင်းကိုယ်တိုင် ပြုံးကာရယ်ကာနှင့် အိမ်ပေါ်တက်လာပြန်၏။

“ဩော်… စိန်စိန်ပါကောက်ညှင်းထုပ်နေသကိုး ပျင်းရင်ဟိုရွာဒီရွာ ကလေးများ လျှောက်လည်ပါဦးလား၊ ဟိုဘက်က ‘ကန်သာယာ’ ရွာသွားရရင်တော့ စိန်စိန်ကြိုက်တဲ့ ဆီးတော်သီးတွေလည်းရမှာပဲ”

mgyoe.com

mgyoe.com

"ဟုတ်လား... အဲဒီဘက်ကဆီးတော်သီး တော်တော်ပေါသလား"

"တော်စမ်းပါ သောက်ကောင်မတွေ... သူတို့ကမြင်းကြောထချင်တိုင်း"

မသောင်းအား ကျွန်မကအားရဝမ်းသာ ပြန်မေးနေဆဲတွင် ဒွေးလေးက ကြားဖြတ်၍ မာန်မဲကာ မျက်စောင်းကြီး ချိတ်ပစ်လိုက်သည်။ မသောင်းကတော့မှု တစ်စက်ကလေးမျှ ပြုံးဟန်မတူဘဲ တခစ်ခစ်နှင့် ရယ်မောနေလိုက်သေးတော့သည်။

"ဘာလဲ ဒွေးလေးသိန်းရင်ကြီးက တော်တော်ကြာ ထမင်းပွဲရှေ့ရောက်စားရတော့မှ မိသောင်းကို ကျေးဇူးတင်လိုက်တာ မလုပ်နဲ့။ သွားဟယ်... မောင်ပုလှည်းပြင်လိုက်ဟယ်"

"သောက်ကောင်မ ပြောလိုက်ရင် နည်းနည်းမှ အပိုးမကျိုးချင်ဘူး"

ဒွေးလေးမှာ ဆက်လက် မာန်မဲ၍ပင်နေသော်လည်း မျက်နှာမှာတော့ ပြေလျော့လာကာ အပြုံးယဲ့ယဲ့ပင်သန်းလာသည်။

"ကဲ... လုံမလေးကလည်း လိုက်မှာဆိုရင် အဝတ်အစားလဲလေ"

ကြီးတော် ဒေါ်လှမယ်ကလည်း ဝင်ပြောလိုက်ပြန်၏။ ကျွန်မမှာ သိပ်မလိုက်လိုလှသော်လည်း ကိုပုကို ပြောနေရုံနှင့် အားမရသလို သူကိုယ်တိုင်ပင် နွားများကို ဆွဲထုတ်ပြီး လှည်းမှာ တပ်နေတော့သော မသောင်းကို အားနာသမှုနှင့် အဝတ်အစားများကို လဲလှယ်ရတော့သည်။

ကိုပုမှာ ကျွန်မ အဝတ်လဲပြီးသည်တိုင်အောင် မှန်ကလေး ရှေ့ထောင်ပြီး ကော့စမစ်တစ်အခဲနှင့် ခေါင်းကို တိုက်နေရတုန်း ဖြစ်လေ၏။ ကော်တောင့်နေသော ရှပ်အင်္ကျီပင်းမင်းကျနှင့် ပလေကပ်လုံချည်အသစ်များကိုတော့ လဲလှယ်ပြီး နေလေပြီ။ ကျွန်မမှာ အဆီဝေ့နေသော သူ့မျက်နှာကြီးကို ကြည့်ကာပြုံးမိရသေး၏။

"ခလောက်ကလေးရယ်တဲ့ ဒိုးဒိုဒေါင်ဒေါင်...
ပျိုတို့မောင် ယာမလုပ်တယ်ကွယ် ဝါးခုတ်တဲ့တောင်"

ကျွန်မတို့လှည်းပေါ်ရောက်ကြသောအခါ ကိုပုမှာလှည်းဦးမှ ထိုင်ပြီး ဖုံးဖိ၍ မရနိုင်သော ပြုံးပီတိမျက်နှာကြီးဖြင့် လှည်းမောင်းလိုက်လာသည်။

mgyoe.com

mgyoe.com

ရွာမှထွက်မိသည်တွင်မူ သီချင်းတွေ ဘာတွေကိုပင် အော်ကျယ်ဟစ်ကျယ် သီဆိုပါလေတော့၏။ မသောင်းကတော့ သူနှင့် ညီမဝမ်းကွဲတော်သော မအေးရှင်ခေါ် မိန်းကလေးအကြောင်းနှင့် ထိုမအေးရှင်တို့အိမ်မှ သံပရာသီး ချောချောအရွယ်လောက်ရှိသော ဆီးတော်သီးကြီးတွေအကြောင်းကို မြိန်ရေရှက်ရေ ပြောပြလာသည်။ ဤတွင်မှ ကျွန်မက သူတို့၏ အကြောင်းကို အနည်းငယ်ရိပ်မိလာရ၏။

"ဩော်... ဩော်... ကိုပုက ကိုဖိုးအေးကို ဦးလေးတော်နေရာက အစ်ကိုထပ်တော်ချင်နေပြီမှတ်ပါတယ်၊ ဟုတ်ရဲ့လား" ဟူ၍လည်း ခပ်ရဲရဲပင် မေးချလိုက်မိသည်။

"ဟဲ... ဟဲ... ဟဲ... ဟဲ"

ကိုပုက စပ်ဖြဲဖြဲကြီးနှင့် ရယ်နေ၏။ မသောင်းက ကိုပုကို မျက်လုံးစွေကြည့်လိုက်သည်။ "အေးလေ... တော်ချင်လိုက်သမှ နန့်လို့၊ ဒါပေမဲ့ ခိုးချင်တာလည်း ပျာလို့ လက်နှေးလိုက်တာလည်း ချာလို့၊ အစားထဲကပါ အစိန်ရယ်။ မသောင်းကချည်း သူ့ရှေ့ကနေ အဆိုဆဲခံပြီး ကြားဝင်ရတာ၊ တကယ်ကျတော့သာ ဖျာလိုခင်းပြီးနင်းလား မနင်းလား မသိတယ်"

"အမယ်လေး ဒါလောက် ရက်ရက်စက်စက် မပြောပါနဲ့ အစ်မရယ် (၃၇) မင်းထဲထည့်ပြီး ကိုးကွယ်ရမယ်ဆိုရင်တောင် ကိုးကွယ်နေမယ့်မောင် ငယ်လေးပါ"

ကိုပုက ဟန်နှင့်ပန်နှင့် လက်အုပ်ချီပြောလိုက်၍ ကျွန်မတို့မှာ ရယ်နေရသည်။ လှည်းမှာလည်း ချိုင့်တွေကန်သင်းတွေထဲကို တဂျိုင်းဂျိုင်းနှင့် ပြေးနေရသည်။ တချို့နေရာတွေမှာ စပါးများရိတ်သိမ်း၍ပင် မကုန်တတ်သေးသဖြင့် လှည်းလမ်းက ကောင်းစွာမပေါက်သေးပေ။ ကောက်လှိုင်းဟိုက်သော လမ်းခပ်ကြမ်းကြမ်းထဲမှပင် ကွေ့ကောက်၍ မောင်းနေရခြင်းဖြစ်သည်။

သို့ရာတွင် ကန်သာယာရွာမှာ ဝေးလှသည်မဟုတ်၍ မကြာမီပင် ရွာလယ်လမ်းကို ဝင်မိကြတော့သည်။ သွပ်တစ်ပိုင်း သက်ငယ်တစ်ပိုင်းမိုးထားသော လေးပင်အိမ်ခပ်ဟောင်းဟောင်း တစ်ဆောင်ရှေ့မှာ လှည်းကို ရပ်လိုက်လေ၏။

mgyoe.com

ပြီးတော့ ကျွန်မနှင့် မသောင်းသာ လှည်းပေါ်မှဆင်းကြသည်။ ကိုပုမှာ လှည်းကို နွားတန်းလန်းနှင့် ငွထောက်ခါ လှည်းပေါ်မှာပင် ထိုင်နေရစ်သည်။ အခြေအနေကို ကြည့်ရသည်မှာတော့ ကိုပုအတွက် ရင်းရင်းနှီးနှီး ထိထိရောက်ရောက် ဆက်သွယ်ပြီးပုံမရသေးပေ။

အိမ်ပေါ်ရောက်တော့လည်း မသောင်းက ကျွန်မမှာ ဒွေးလေးသိန်းရင်တို့၏ တူမဖြစ်၍ မြို့မှလာလည်နေကြောင်း ဆီးသီးစားချင်သည်၊ လှည်းစီးချင်သည် ဆို၍ ခေါ်လာရကြောင်းဖြင့် ကျွန်မကို ရှေ့တင်ပြီး ပြောလေသည်။ ရည်ရည်မွန်မွန် ဧည့်ဝတ်ပြုပြီး ဆီးသီးလိုက်ခူးပေးသော မအေးရှင်ဆိုသူကလေးကို တွေ့ရသောအခါ ကျွန်မမှာ ကိုပုအတွက် ဝမ်းသာသွားမိသည်။ သူတို့ကိစ္စဖြစ်မြောက်ပါစေဟုပင် ဆုတောင်းမိရ၏။ ကိုပုခမျာကတော့ ကျွန်မတို့လှည်းပေါ်အတက်တွင် မအေးရှင် လိုက်ပို့နှုတ်ဆက်တော့မှသာ ခိုးကြောင်ခိုးဝှက်နှင့် မျက်စိစားပွဲထိုင်ရရှာလေသည်။

ဒါကိုပင် ရွှမ်းပီတိဖြင့် ဝွမ်းဆီထိနေရှာသော ကိုပုမှာ နောက်တစ်နေ့တွင် တစ်ခါသွားကြဦးမည်ဟု ခေါ်နေပြန်၏။ ကျွန်မက 'နေ့ဆက်ရက်ဆက်သွားနေလို့ အားနာစရာ၊ ဒီပြင်အကြောင်းပြဖို့လည်း ရှိတာမဟုတ်ဘူး' ဟု ပြောရသည်။ 'အမယ်-ဒါများအားနာစရာ မှတ်လို့၊ အစိန့်ကို လာပါဦး လာပါဦးနဲ့ တရရမှာလိုက်သေးတာမဟုတ်လား၊ သွားသာသွား၊ မနေ့က မသောင်းလည်း ခေါင်းပတ်တဲ့တဘက် မေ့ကျန်ရစ်တယ်' ဟု မသောင်းက ဆိုလာပြန်သည်။

"နင်တို့ဟာတွေဟယ် တမင်ထားရစ်သလားမှ မသိတာ" ဟု ကြီးတော်က ဝင်ပြောသေးသည်။ ဘယ်သို့ဆိုစေ ကျွန်မတို့ တစ်ခေါက်ရောက်သွားကြပြန်၏။ အပြန်တွင် မအေးရှင်ပင် အိမ်အထိ အလည်လိုက်ပါလာသေးသည်။ ထိုနေ့မှာ ဒွေးလေးသည် ယက်ကန်းစင်တွင် မျက်စိမွဲမွဲသီသီနှင့် စမ်းတဝါးဝါးထိုင်နေရာ မအေးရှင်ကပင် ဇတ်ကယ် လတ်ကယ်ဝင်ရောက် ကူညီသွားသေး၏။ မျက်နှာကလေးမှာလည်း ရိုးရိုးသားသားနှင့် သိမ်ရိသရေရှိလှစွာပင်ဖြစ်သည်။ ဒွေးလေးနှင့် ဦးလေးမှာ ပြုံးပြုံး-ပြုံးပြုံးနှင့် ဖြစ်နေကြ၏။ ကိုပုဆိုတာကတော့ လှည်းမောင်းပို့ပေးရုံအပြင် တည့်တည့်ထင်ထင်ပင် ကြည့်ရဲရှာသည်မဟုတ်ပါပေ။

mgyoe.com

mgyoe.com

ဘာပဲဖြစ်ဖြစ် သူတို့ကိစ္စကို လူကြီးတွေပါဝင်ရောက်ကာ အတိအလင်း စေ့စပ်တော့ရန် ပွဲသိုက် ပွဲသိုက် ဖြစ်လာကြ၍ ကျွန်မ၏ မရေရာလှသော စာရေးချင်စိတ်ကလေးကို အသာ ခေါက်သိမ်းနေလိုက်ရ၏။ ထိုအခေါက်တွင် စာတစ်လုံးမျှ မရေးနိုင်ခဲ့ပါတော့ချေ။

နှေ့ဦးပေါက်တွင် လူကြီးမိဘများ သဘောတူ ကိုပုနှင့်မအေးရှင်တို့ မင်္ဂလာဆောင်ကြတော့လည်း မေမေသာသွား၍ ကျွန်မမရောက်ခဲ့ရပေ။

× × ×

မကြာမီ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ကာလသိပ်မရှည်မြင့်မီမှာပင် သူတို့နယ်မြေမှာလည်း လွတ်မြောက်သော နယ်မြေ ဖြစ်သွားခဲ့သည်။ သို့ရာတွင် အခြေအနေမှာ တည်ငြိမ်မှုမရှိဘဲ အပြောင်းအလဲတွေ မြန်ဆန်စွာ ဖြစ်ပျက်နေကြ၏။ သည်အတွင်းမှာ ဒွေးလေးသိန်းရင်နှင့် ဦးလေးတို့လည်း မကျန်းမမာဖြစ်ကာ တစ်ယောက်နှင့်တစ်ယောက် (၂) နှစ်မျှ ခြားပြီး ဆုံးပါးခဲ့သည်။

ကိုဖိုးအေးနှင့် ကိုပုတို့ အိမ်ထောင်နှစ်စုံမှာလည်း မြို့ပြောင်းလာကြ၏။ လေးပင်သွပ်မိုး အိမ်နှစ်လုံးကို ဘေးချင်းယှဉ်၍ပင် ဆောက်ထားကြသည်။ အစိုးရအုပ်ချုပ်ရေး ပြန်ရောက်၍ အကြာကြီးကြာပြီး ခေတ်ကောင်းလာပြန်မှ သူတို့ မြို့ကလေးသို့ ကျွန်မတစ်ခေါက်ရောက်သွားသည်။ ကိုဖိုးအေးမှာ မြို့ပေါ်တွင် ကုန်စုံဆိုင်နှင့်ဘာနှင့် အကျအနဖြစ်နေရုံမျှမက သူ၏ နာမည်မှ 'ဖိုး'တစ်လုံးနှင့် ဦးခေါင်းထက်မှ ယောင်တစ်လုံးပင်ပြုတ်ကာ ဘိုကေနှင့်ဘာနှင့် မြို့သားကြီး ကိုအေးဖြစ်နေသည်။ မသောင်းမှာလည်း အခါလယ်ရွယ် သားကလေးနှင့် အိမ်မှာ အဖော်ရနေသည်။

ကိုပုကတော့ ဆန်စက်တစ်စက်မှာ တာလီစာရေးကလေး ဖြစ်နေသည်ဟု သိရ၏။ မအေးရှင်ကလည်း အိမ်မှာ အလကားမနေ၊ ဆေးလိပ်ခုံမှာ အလုပ်လုပ်နေရာ၊ သူတို့ကို ခဏတစ်ဖြုတ်သာ တွေ့ခဲ့နိုင်သည်။ သို့ရာတွင် သူတို့အားလုံး၏ စီးပွားရေးဖူလုံမှုကို သိရှိရသည်မှာ အားရလောက်စရာကြီးပင်ဖြစ်နေသည်။ ထိုထက် သတင်းစာတစ်မျိုးစီလ, ပေးယူဖတ်ပြီး

mgyoe.com

တစ်အိမ်နှင့်တစ်အိမ် သတင်းစာချင်း လဲလဲဖတ်ဖော်ရနေကြခြင်းကို ကျွန်မ ဝမ်းအသာမိဆုံးပင်။

သို့သော်... ပုထုဇဉ်လူသားတို့အနေနှင့် ဤအခြေ ဤအနေမျိုးမှာ နိစ္စဓူဝဖြစ်ခဲလှသည်။ သို့အတွက်လည်း ယခုတော့... ဟုတ်ကဲ့ တစ်ခုတော့ ပြောရမည်ပင်၊ အသည်းနာစဖွယ် ရှက်ဖွယ်လိလိ ဖြစ်လာရသည်။

ဘာမျှ မဆီဆိုင်လေသော အကြောင်းတရားတစ်ခုအတွက် ကိုပုက ကိုဖိုးအေးကို ဓားနှင့်ခုတ်ထား၏။ ဒဏ်ရာမှာ အတော်ပြင်းသဖြင့် ခရိုင် ဆေးရုံဖြစ်သော ကျွန်မတို့မြို့မှ ဆေးရုံနှင့် အချုပ်ခန်းတွင်ပင် စံမြန်းနေရ သည်။ ဤတွင် တစ်ဦးတည်းသော ဆွေမျိုးဖြစ်သည့် ကျွန်မတို့အိမ်မှာ မသောင်းနှင့် မအေးရှင်တို့ပါ တည်းခိုဆုံစည်းကြရလေတော့သည်။

မသောင်းကနှုတ်ရေးစကားတတ်နှင့် မကြာခဏငြူစူဆောင့်အောင့် သည်။ မအေးရှင်က မကြာခဏငိုရသည်။ ကျွန်မတို့ သားအမိတွေလည်း စိတ်ညစ်ကြရသည်။ မရှိတော့ပြီဖြစ်သော ဦးလေးနှင့် ဒွေးလေးတို့အား သည်အဖြစ်ကို မြင်လာစမ်းစေချင်သည်။

"သြော်... သည်တစ်ကြိမ်မှာ ဦးဦးဖျားဖျား မိုက်တွင်းနက်ခဲ့ပြီး သော သည်လူနှစ်ဦးမှ လွဲ၍အခြားသူတွေ ဘာမျှမဖြစ်ကြပါစေနှင့်"

ကျွန်မမှာ ဆုတောင်းရုံသာ တောင်းတတ်တော့သည်။ တကယ်ဆို တော့ ဘယ်ဘုရား-ဘယ်ခေါင်းဆောင်မှ တတ်နိုင်မည့် ကိစ္စမဟုတ်၊ လူထု ကကို လူထုအလိုက် အုံကြွပြီးအသိရှိကြမှ ဆင်ခြင်နိုင်မှ သာယာကောင်းမွန် နိုင်မည့် ကိစ္စဖြစ်သည်။

ကျွန်မက စိတ်ရှုတ်ရှုတ်ရှိသည်နှင့် စားပွဲပေါ်ကို မျက်နှာ မှောက် ချလိုက်သည်။ ခပ်စောစောက ရရှိသော ကျွန်မသူငယ်ချင်း 'မြိုင်'ထံမှ စာကလေးကို နဖူးနှင့် ထိမိလျက်ဖြစ်သွားသည်။ စာပါအကြောင်းများကို ဆက်လက်တွေးတောမိပြန်၏။ သည်စာပါအကြောင်းကလည်း နှစ်သိမ့် ကျေနပ်စရာ မဟုတ်ခဲ့ပေ။

ကျွန်မသူငယ်ချင်းမြိုင်မှာ ဌာနတစ်ခုကို အုပ်ချုပ်ရသော အစိုးရအရာ ထမ်းတစ်ဦးဖြစ်သည်။ သူအုပ်ချုပ်ရသောဌာနမှ အမှုထမ်းများမှာ သူ့ကို

mgyoe.com

mgyoe.com
မိန်းမသားတစ်ယောက်ပါလားဟု သက်ညှာရမှန်း အားနာရမှန်း မသိကြဟု ထိုစာထဲမှာ ညည်းညူထားသည်။ ပြီးတော့ အမျိုးသမီးများ အလုပ်တာဝန် ထမ်းဆောင်ရခြင်း၏ မလွတ်လပ်မှုများကိုလည်း တသီတတန်းကြီး ထည့်ရေးထားသေးသည်။

ဒါကလည်း စောစောကကိစ္စလို လူထုကအသိတရားရှိကြမှ၊ သိသည့်တရားကို စောင့်ထိန်းကြမှသာ ဖြစ်နိုင်မည့် ကိစ္စဖြစ်သည်။ ကျွန်မတို့နိုင်ငံမှာ အမျိုးသမီးများအတွက် ချုပ်ချယ်မှု တင်းတင်းကျပ်ကျပ်မရှိခဲ့စေကာသူတစ်ပါးနိုင်ငံလိုစည်းမစောင့်ကြ၍ မလွတ်မလပ်ရှိလှသည်။ ဥပမာ... တောကြီးနက်ခေါင်မှာ တစ်ဦးတစ်ယောက်တည်းနေရမည့် တောမီးမျှော်စင်စောင့်သည့် အလုပ်သမားတစ်ဦးအဖြစ်မျိုးလို ဆိုပါစို့... ညဥ့်နက်သန်းခေါင်မှာ တစ်ဦးတည်းသွားလာပြီး လုပ်ကိုင်ရမည့် အလုပ်မျိုးဆိုပါစို့... အမျိုးသမီးများအနေနှင့် အဘယ်မျှ သတ္တိကောင်း၍ အဘယ်မျှထမ်းဆောင်နိုင်သည့် အရည်အချင်းရှိပါစေ... ကျွန်မတို့နိုင်ငံမှာ ဘေးရန်များလှသည်။ မတော်မသင့်ရတာနှင့် ပတ်ဝန်းကျင်က အထင်အမြင် သေးရတာနှင့် မြို့လယ်ကောင်လှောင်ချိုင့်တွင်းမှာ အရုပ်သဖွယ် အကစားခံနေရတတ်သော ထီစာရေးမဆိုသူကလေးတွေကိုလည်းကြည့်ပါဦး။

တကယ်ကောင်းသည်တိုင်အောင် အကောင်းမထင်တတ်ကြ။ ကောင်းရာကို ဖေးကူပေးခြင်းမရှိကြသော ပတ်ဝန်းကျင်ဝယ်... အမျိုးသမီးများအလုပ်လုပ်စားရသည်မှာ ရွေးချယ်ရလွန်းလှပါတကား။

သည်လို အတွေးနက်နေသည့် တစ်ခဏဝယ်... အပြင်မှ စကားသံတွေမှာ သဲကွဲခြင်း မရှိလှတော့သော်လည်း မအေးရှင်၏ ရှိုက်သံသဲ့သဲ့ကမူ ကြားမြဲကြားနေရသည်။

ကျွန်မက အားလုံးသော ကိစ္စရပ်များအပေါ်မှာ မနှစ်မြို့နိုင်တော့သည်နှင့် တမေ့တမောလောက်ပင် အိပ်ပျော်ရပါစေတော့ဟု စာရေးစားပွဲမှထကာ အိပ်ရာထက်မှာ နားနှစ်ဖက်ကို လက်နှင့်ပိတ်ပြီး ငြိမ်ငြိမ်ကလေးစောင်းခွေနေလိုက်သည်။

× × ×

mgyoe.com

"လုံမလေး... လုံမလေး"

ဤအသံနှင့်အတူ ဦးလေးသည် ခြေကို ခပ်ဖွဖွနင်းပြီး ကျွန်မခြေရင်းမှာ ပြုံးစေ့စေ့နှင့် ရပ်လာသည်။

"ဟင်... ဘုရားရေ ဦးလေးသေပြီမို့လား"ဟု ကျွန်မက အိပ်နေရာမှ တအံ့တသြနှင့် လူးလဲထလိုက်ရသည်။

"အေးလေ... ဦးလေးခဏ ပြန်လာတာပေါ့၊ လုံမလေးတို့ မကျေမနပ်တာရှိရင် ဦးလေး ယူသွားမယ်လေ"

"ရော့... ရော့... ဦးလေး... ဒါတွေကို ယူသွားပါ"

မြိုင်သည် ဘယ်ကပေါ်လာသည်မသိ၊ ရောက်လာပြီး ဦးလေးကို အထုပ်တစ်ထုပ်လှမ်းပေးသည်။ ဦးလေးက မြိုင့်လက်ထဲမှ အထုပ်ကို လှမ်းယူပြီး ထွက်သွားရာ၊ မြိုင်သည် 'ပေးလိုက်ပြီ... ပေးလိုက်ပြီ အားလုံးပေးလိုက်ပြီ'ဟု ဆိုကာ ကွေးနေအောင် က,လေ၏။

သည်ခဏမှာ ယောင်တစောင်းထုံးကြီးနှင့် ကိုဖိုးအေးကြီးရောက်လာပြန်ပြီး 'ဟော့ ကောင်မကလေးတွေ နင်တို့ ဘယ်သူ့ကို မဲပေးသလဲဟေ့'ဟု ကျွန်မထိပ်ကို ပုတ်ပြီး မေးလေသည်။

"ကျွန်မတော့ ဒေါ်မမကိုမဲထည့်တယ် ကိုဖိုးအေး၊ သူကမှ အမျိုးသမီးအရေးကို ထိထိရောက်ရောက် ဆောင်ရွက်ပေးမှာ သိလား"

ကျွန်မကို မေးသည်ကို မြိုင်က မနေနိုင်မထိုင်နိုင် ပြောချင်ဇောနှင့် ဝင်ပြောပစ်လိုက်သည်။

"ဟား... ဟား... ဟား... နင့်အတွေးက ကျဉ်းမြောင်းလှသဟာ... ငါတော့ 'သခင်ကိုကို'ကိုပဲ ထည့်သဟေ့"

"ဟင်... ကိုဖိုးအေးလူက ရာသက်ပန်အတိုက်အခံကြီးပဲ" မြိုင်နှင့် ကျွန်မက သီချင်းဆိုသလို ညီညီညာညာ ပြိုင်တူဆိုလိုက်၏။

"ဟေ... အတိုက်အခံတော့ ဘာဖြစ်ရမှာလဲဟ၊ သခင်ကိုကိုမရှိရင် ပါလီမန်ကြီးကို တစ်ခါတည်း သေ့ခြောက်သွားမယ်မှတ်၊ သခင်ကိုကိုလက်သံပြောင်လွန်းလို့ ပါလီမန်ကြီး ဒီလောက်မြိုင်နေတာ"

mgyoe.com

mgyoe.com

"ဟင်… ကျွန်မတော့ ဦးညီညီပဲ ကြိုက်ပါသရှင်၊ သူတို့ပါတီ လမ်းစဉ်က ဘယ်လောက်ကောင်းတယ်မှတ်လို့လဲ"

"ပါတီဘယ်လောက်ကောင်းကောင်း လူပုဂ္ဂိုလ်ကလည်း လိုပါသေးသကွာ… သစ္စာသမာဓိနဲ့ တို့ဘဘမှ ကောင်းတာဟ၊ ငါတော့ ကိုယ့်ဆွေမျိုးပဲ ကိုယ်ထည့်တယ်"

သည်နောက်ဆုံး အသံက ဘယ်သူ့ အသံမှန်းမသိပေ။ အသံကိုသာ ကြားရပြီး လူကိုလည်း မမြင်ရချေ။

"ဟေ… ဟေ… ကိုကို၊ ညီညီ၊ မမ၊ ဘဘ၊ ကြိုက်ရာထည့်မယ်ကွ၊ ဟေ… ဟေ… ကိုကို၊ ညီညီ၊ မမ၊ ဘဘ၊ ကြိုက်ရာထည့်မယ်ကွ၊ ဟေ… ဟေ… ဟေ…"

ဤအသံနှင့်အတူ ကွေးနေအောင်က, ပြီးဝင်လာသူကား ကိုပုဖြစ်သည်။ သူ့ပါးမှာ ပေါင်ဒါတွေပုံထားလိုက်သည်ကလည်း ဖွေးဖွေးလှုပ်နေ၏။

"ဟေ… ကိုကို၊ ညီညီ၊ မမ၊ ဘဘ"

ကိုဖိုးအေးနှင့် မြိုင်ကလည်းလက်ခုပ်မြိုင်မြိုင်ဝိုင်းကူတီးကြသည်။ ကျွန်မသည် ပျော်၍ လာလေ၏။ သူတို့ကို အားကျပြီး လက်ခုပ်တီးမည်ပြုတော့မှ လက်မှာ သစ်တုံးတစ်တုံးနှင့် ပိညပ် နေပြန်သည်။ ကျွန်မက လက်ကိုရုန်း၍ထုတ်ရင်းနှင့် ပါးစပ်မှသာအားရရွှင်ပျော်စွာ 'ဟေ… ဟေ…' ဟု ကူညီအော်ဟစ်ပေးရသည်။

ကိုယ့်အသံကိုယ် ခပ်သဲ့သဲ့မျှကြားရကာ ဖျတ်ခနဲဖြစ်သွားတော့မှ လက်တစ်ဖက်ကို ခေါင်းအောက်မှာဖိလျက်နှင့် မေ့မေ့… မေ့မေ့အိပ်ပျော်သွားမိသော ကိုယ့်အဖြစ်ကို သတိရလာသည်။ တစ်ဖက်အိမ်က ရေဒီယိုမှာ ဒိုးပတ်သံ မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ပေါ်လျက်ရှိနေ၏။ ကျွန်မ အိပ်မက်မှာ ဆောင်းတွင်း အိပ်မက် ကယောက်ကယက် မဟုတ်ဘဲ စိတ်ကူးယဉ်တောင့်တမှုဖြင့် လွှမ်းမိုးနေသော အိပ်မက်မျိုးသာဖြစ်သည်။ သို့ပေမယ့် ထိုအိပ်မက်ကလေးကိုပင် ကျွန်မက နှမြောနေမိ၏။

mgyoe.com

တကယ့်အဖြစ်ကား... ထိုအိပ်မက်ကလေးနှင့် ဆန့်ကျင်လှပါပေသည်။ အမတ်လောင်းများ စာရင်းထွက်လာစမှာပင် ကိုဖိုးအေးနှင့် ကိုပုတို့က စိတ်ဝမ်းကွဲလာကြသည်။ ကိုပုက အမတ်လောင်းဖြစ်သော သူ့အလုပ်ရှင် ဆန်စက်ပိုင်ကြီးကိုပင် သဘောကျနေ၏။ ကိုဖိုးအေးကတော့မူ တစ်နယ်မှ လာရောက်အရွေးခံမည့် နိုင်ငံရေး လက်ဟောင်းတစ်ဦးကိုမှ သဘောကျသည်။

"သူ့စက်ထဲ အလုပ်လုပ်ရတာနဲ့ သူ့မဲထည့်ရမယ်ဆိုတာ မဟုတ်သေးပါဘူးကွာ"ဟု ကိုဖိုးအေးက ဆိုသည်။

"ကျုပ်ဒါလောက်မအ,ပါဘူး။ မျက်နှာလို မျက်နှာရလည်း မဟုတ်ဘူး။ လူအရည်အချင်းရော နောက်ခံပါတီကိုပါသဘောကျလို့ပါ"ဟု ကိုပုက ပြန်ပြောသည်။

အမှန်မှာ ဒါလောက်နှင့် ပြီးသင့်၏။ အကျိုးအကြောင်းကို ရှင်းလင်းတင်ပြခွင့်ရှိသည်တိုင် နောက်ဆုံးမှာ သူ့သဘောနှင့်သူသာ ဖြစ်စေရပေမည်။ သို့သော်... ကိုဖိုးအေးရော ကိုပုပါ မကျေနပ်ကြ။ အခွင့်ရတိုင်း ကော်ကြ၊ ကပ်ကြ၊ ထေ့ကြ၊ ငေါ့ကြနှင့် တစောင်းမဲမဲဖြစ်လာသည်။ တစ်နေ့တော့ မအေးရှင်က သူ့ဆေးလိပ်ခုံဝင်ငွေဖြင့် စုဆောင်းလုပ်ကိုင်လာသော လက်ကောက်တစ်ရန်ကို ပြလာသည်။ ဒါကိုမဲဆွယ်ပေး၍ စက်ပိုင်ထံမှ လာဘ်ရလာတာပါဟုကိုဖိုးအေးက စွပ်စွဲ၏။ တစ်ယောက်တစ်ခွန်းစကားများကြ၏။ နောက်ဆုံးတော့ ကိုပုက ကိုဖိုးအေးကို ဓားနှင့်ခုတ်ကာ ဆေးရုံနှင့် ထောင်မှာ လက်စသတ်ကြသည်။

ဒါလည်း နိဂုံးချုပ်လက်စသတ်တော့ဟုတ်ချင်မှ ဟုတ်ဦးမည်။ အပြင်ဘက်မှာ မသောင်းရိုက်၍ သူ့သားကလေး ငိုနေသံကြားရ၏။ မအေးရှင်မှာလည်း ကိုယ်ဝန်ကြီးနှင့်ဖြစ်သည်။

မသောင်းသားကလေးကြီးလာလျှင် သူ့အဖေခေါင်းမှ အမာရွတ်က စကားပြောချင် ပြောလာဦးမည်ဖြစ်၍ မအေးရှင်၏သား... သို့မဟုတ် သမီးကလေးကိုလည်း "ထောင်ထွက်"ဟူသော အဖေ၏ ဘွဲ့ထူးဂုဏ်ထူးက စကားပြောချင် ပြောလာပေဦးမည်။

mgyoe.com